မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၃၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ်ရှိ သင်ဂဒုံးအစမ်းတွင်းအမှတ်(၁)

သဘာဝဓာတ်ငွေ့များ တစ်နေ့လျှင် ကုဗပေ ၂ ဒသမ ၁ သန်း ထုတ်လုပ်နိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

နိုင်ငံတော်အတွက်လိုအပ်လျက်ရှိသည့် စွမ်းအင်ကဏ္ဍကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းကိုဆောင်ရွက်လျက်ရှိသော စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် SIPC Myanmar Petroleum Co.,Ltd. ၏ ကုန်းတွင်းပိုင်းလုပ်ကွက်အမှတ် Block-D (မဟူတောင်ဒေသ)၌ ရှာဖွေတွေ့ရှိပြီးဖြစ်သော ရေနံနှင့် သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်သည့် မြေအောက်ဘူမိဗေဒ အနေအထားများတွင် ရှာဖွေရေးလုပ်ငန်းများ စဉ်ဆက်မပြတ် တူးဖော်ဆောင်ရွက်စေလျက်ရှိရာ ယခုအခါ အစမ်းတွင်းခြောက်တွင်းကို တူးဖော်စမ်းသပ်ခဲ့ပြီးဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ထိုသို့ တူးဖော်ပြီးတွင်းများအနက် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ် ကျောကျေးရွာ၏ အရှေ့ဘက် ၁၀ မိုင်အကွာရှိ သင်ဂဒုံးအစမ်းတွင်းအမှတ်(၁)မှ အနက်ပေ (၆၉၇၂-၇၀၀၀) ရှိ သဲကြောအတွင်း သဘာဝဓာတ်ငွေ့များ တစ်နေ့လျှင် ကုဗပေ ၂ ဒသမ ၁ သန်း ထုတ်လုပ်နိုင်ကြောင်း စမ်းသပ်တွေ့ရှိရသဖြင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသီသည် ဒုတိယဝန်ကြီး ဦးသန်းဌေးနှင့် SIPC ကုမ္ပဏီမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့တွင် သင်ဂဒုံးအစမ်းတွင်းအမှတ်(၁)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၃ ●



စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသီ သင်ဂဒုံးအစမ်းတွင်း အမှတ်(၁)မှ တူးဖော်ထွက်ရှိသည့် သဘာဝဓာတ်ငွေ့များ မီးရှို့စမ်းသပ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

မီးဘေးအန္တရာယ် ကြုံတွေ့လာပါက အဆောက်အအုံများကို မီးငြိမ်းသတ်နိုင်ရန်အတွက် ဤသို့သော ကြိုတင်လေ့ကျင့်မှုများကို ပြုလုပ်ကြရသည်။

မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ခြင်းဖြင့် အနိုင်ယူပါ

အမေးအရေး-မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁၃

မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ၊ သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ကြရသည်။ အရေးကြုံသော် သက်လုံကောင်းရန် အတွက်ပင် ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌လည်း ဌာနဆိုင်ရာများ၊ စက်မှုဇုန်ကော်မတီဝင်များနှင့် ပြည်သူများပါမကျန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ၂၀၀၈ ခုနှစ်မှ စတင်ကာ ၂၀၁၀ ခုနှစ်အထိ မီးလောင်မှုများ ကျဆင်းခဲ့သည်။ ယခုနှစ်တွင်လည်း ထိရောက်သော ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားမှုနှင့် ပြင်ဆင်ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံးမှ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး(ဒုတိယညွှန်ကြားရေးမှူး)ဦးသင်းဌေးရွှေနှင့် မြန်မာ့အလင်းသတင်းအဖွဲ့တွေ့ဆုံကာ သိလိုသည့်အချက်များကို တွေ့ဆုံမေးမြန်းခဲ့သည်။

ကြိုးစားဆောင်ရွက်

"ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ လူဦးရေခြောက်သန်းခန့် နေထိုင်တာမို့ မြန်မာနိုင်ငံ လူဦးရေရဲ့ ဆယ်ပုံတစ်ပုံခန့်ရှိပါတယ်။ အဆောက်အအုံမျိုးစုံ ၁၀ သိန်းခန့်နဲ့ စက်မှုဇုန်တွေလည်း ရှိပါတယ်။ ဟိုတယ်၊ မိုတယ်၊ ခေတ်မီအထပ်မြင့်ဈေးနဲ့ ကုန်တိုက်ကြီးတွေလည်းရှိတာမို့ အကြောင်းအမျိုးမျိုးကြောင့် မီးလောင်မှုမဖြစ်ပွားစေရေးအတွက် ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ ပညာပေး၊ သတိပေးမှုတွေ ထုတ်လွှင့်ဖော်ပြနေပါတယ်။ စာသင်ကျောင်း၊ စက်ရုံ အလုပ်ရုံ၊ လူနေအိမ်တွေကို အခါမလပ်စစ်ဆေးခြင်း၊

စာမျက်နှာ ၁၀ ကော်လံ ၁ ○

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်)

သစ်တောသစ်ပင် စိမ်းလန်းစိုပြည်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတစ်ဝန်း သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် အစီအမံများကို စနစ်တကျချမှတ်ဆောင်ရွက်လျက်ရှိသည်။ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ အထူးကျွန်းစိုက်ခင်းစီမံကိန်းများ၊ ဒီရေတောများ ပြန်လည်စိုက်ပျိုးထိန်းသိမ်းရေးစီမံကိန်း၊ ရေဝေရေလဲဒေသစီမံကိန်း စသည်ဖြင့် အထူးစီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် စိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောကျန်များကို ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားထိုးလောင်စာ အသုံးချရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းနှင့် ရေရရှိရေးဆောင်ရွက်ခြင်းတို့ကို အကောင်အထည်ဖော်လျက်ရှိသည်။

သစ်တောသစ်ပင်များသည် ပတ်ဝန်းကျင်အခြေအနေကောင်းမွန်သည်နှင့်အမျှ မြေပြိုတိုက်စားမှုကို ကာကွယ်ခြင်း၊ ရေကောင်းရေသန့်ရရှိခြင်း၊ ရှုခင်းသာယာလှပခြင်း၊ မြေဆီလွှာထိန်းသိမ်းခြင်း၊ သားငှက်တိရစ္ဆာန်ကာကွယ်ထိန်းသိမ်းနိုင်ခြင်း၊ ရေဝေရေလဲထိန်းသိမ်းနိုင်ခြင်းနှင့် လေထုညစ်ညမ်းမှုကိုကာကွယ်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်သည်။

ရေနှင့်မြေ သဘာဝဝန်းကျင်ပျက်စီးခြင်းမှ လျော့ပါးစေရန်၊ အပူပိုင်းဒေသ ကျေးလက်ပြည်သူများ၏ ထင်းလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် စိမ်းလန်းစိုပြည်လာခြင်းဖြင့် သဘာဝဝန်းကျင်၏ အခြေအနေကို တိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

"ရတနာသစ်တော ပြည့်သွေးကြော"ဟူသော သစ်တောရေးရာဆောင်ပုဒ်အရ နိုင်ငံ၏ရေမြေသယံဇာတများကို တန်ဖိုးထားထိန်းသိမ်းကြပြီး ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာ၌ သစ်တောများသည်လည်း အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိရာ သစ်တောများ ပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် ပြည်သူများကပါ ဝိုင်းဝန်းလက်တွဲ ပါဝင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောက်တော်-စစ်တွေကားလမ်းလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက ကျောက်တော်-စစ်တွေကားလမ်းတစ်လျှောက် လမ်း၊ တံတားကြံ့ခိုင်မှုအခြေအနေများနှင့် မိုင်တိုင်အမှတ်(၇/၁၄၄)နေရာရှိ ပီကောက်တံတားတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ယိုးချောင်းတံတားတည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရသေ့တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မေဃဝတီလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၄ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးအောင်နိုင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်တင်ဦး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်များ တည်တံ့ခိုင်မြဲရေး ဆောင်ရွက်နိုင်မှု အင်းစိန်မြို့နယ်၌ ဆုပေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အသိပညာဗဟုသုတ တိုးပွားရေးဆောင်ရွက်နိုင်မှု ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီခွဲက အင်းစိန်မြို့နယ် အထက(၁)၌ ကျင်းပသည်။ အခမ်းအနားတွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့်အသိပညာဗဟုသုတ တိုးပွားရေး ဆောင်ရွက်နိုင်မှုဆုများကို မြို့နယ်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ချီးမြှင့်ရာ အထူးဆုရ ရွာမအနောက်ရပ်ကွက် မင်းစေတီစာကြည့်တိုက်ကော်မတီအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး ဦးစိုင်းထင်က လည်းကောင်း၊ တတိယဆုရ တောင်သူကုန်းရပ်ကွက် လင်းရောင်ခြည်စာကြည့်တိုက်ကော်မတီအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်နှင်းကြည်က လည်းကောင်း၊ ဒုတိယဆုရ မြို့သစ်(ဂ)ရပ်ကွက် အမြင်သစ်စာကြည့်တိုက်ကော်မတီအား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်သိန်းနှင့် ပထမဆုရ ပိန္နဲကုန်းရပ်ကွက် ပိန္နဲကုန်းစာကြည့်တိုက်ကော်မတီအား မြို့နယ်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေတို့က ဆုများပေးအပ်ကြသည်။ **(အပေါ်ပုံ)**

ဆုချီးမြှင့်

ထို့အပြင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်အတွင်း အမှတ်အများဆုံးဆုရ အထက(၁)ကျောင်းသား မောင်ကောင်းစစ်အောင်နှင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ကျောင်းစိမ်းလန်းစိုပြည်ရေး ပထမဆုရ အမက(၂၇)ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်အေးတို့အား မြို့နယ်ဥက္ကဋ္ဌက ဆုချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ငပုတော၌ သင်တန်းဖွင့်

ငပုတော ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲနှင့် တာဝန်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မြေစာရင်းဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်သန်းသန်းချို တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမောင်မောင်တင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ငရုတ်ကောင်းမြို့နှင့် ဟိုင်းကြီးကျွန်းမြို့တို့မှ မြေစာရင်းဦးစီးမှူးများ၊ လက်ထောက်ဦးစီးမှူးများနှင့် သင်တန်းသား ၃၉ ဦး စုစုပေါင်း ၅၃ ဦး တက်ရောက်ကာ သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မေတ္တာစမ်းရေ မူကြိုကျောင်း လှည်းကူးမြို့နယ်၌ဖွင့်

လှည်းကူး ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်သော မေတ္တာစမ်းရေ မူကြိုကျောင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက် နံနက် ၉ နာရီက လှည်းကူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူကြိုကျောင်းရှေ့၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ **(အပေါ်ယာပုံ)**

လက်ခံယူ

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးက အမှာစကားပြောကြားပြီး မူကြိုကျောင်းအတွက် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက သင်ကြားမှု အထောက်အကူပြုပစ္စည်းများကို ပေးအပ်ရာ လှည်းကူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးမော်နှင့် မူကြိုကျောင်းတာဝန်ခံဆရာမတို့က လက်ခံယူသည်။

ဂုဏ်ပြုလွှာပေးအပ်

ဆက်လက်ပြီး မေတ္တာစမ်းရေ မူကြိုသို့ ငွေကျပ် နှစ်သိန်းခြောက်သောင်းတန်ဖိုးရှိ လေးခန်းတွဲ ဗီရိုတစ်လုံး လှူဒါန်းသောအလှူရှင် ဦးစိုးနိုင်၊ ငွေကျပ်တစ်သိန်းလေးသောင်းတန်ဖိုးရှိ ၂၁လက်မ ရုပ်မြင်သံကြားစက်နှင့် အီးဗွီဒီစက် လှူဒါန်းသော အလှူရှင် ဦးခင်မောင်ဦး၊ ငွေကျပ်တစ်သိန်း လှူဒါန်းသော အလှူရှင် ဦးကောင်းမြတ်တို့အား ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီး ၂၀၁၁ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်း၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အခမ်းအနားကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ တိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ဖတ်ကြား

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၁ခုနှစ် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို တိုင်းမှူးက ဖတ်ကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော ဂန်ကူးလ်အင်ဂျင်နီယားရင်းအီလက်ထရွန်နစ်ကုမ္ပဏီ၏ အင်္ဂလိပ်စာစီစာကုံးပြိုင်ပွဲဆုချီးမြှင့်ပွဲကို အထက(၁)လှိုင် ဘုရင့်နောင်ခန်းမ၌ ဇန်နဝါရီ ၃၀ရက်က ကျင်းပရာ ဆုရရှိသော ကျောင်းသားတစ်ဦးအား ဂန်ကူးလ်ကုမ္ပဏီ၏ အထွေထွေမန်နေဂျာ ဆုချီးမြှင့်စဉ်။ (မြို့နယ်စာပေနှင့်စာနယ်ဇင်း)

မြန်မာနိုင်ငံဆရာဝန်အသင်း(မကွေး) ပထမအကြိမ် ဆေးပညာညီလာခံကျင်းပ

မကွေး ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံ ဆရာဝန်အသင်း (မကွေး)ပထမအကြိမ် ဆေးပညာညီလာခံဖွင့်ပွဲကို မကွေးတိုင်းဒေသကြီး ဆေးတက္ကသိုလ်အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၄ရက် နံနက် ၈နာရီခွဲက ကျင်းပရာ အခမ်းအနားတွင် ရှေးဦးစွာ မကွေးတိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားကာ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဦးကျော်မြင့်နိုင်၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း (မကွေး)ဥက္ကဋ္ဌ ပါမောက္ခ ဦးဝင်းမြတ်အေးနှင့် ဧည့်ခံကြိုဆိုရေးအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခဦးရဲမြင့်ကျော်တို့က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ယင်းနောက်ဆေးနှင့်ဆေးကိရိယာပစ္စည်း ပြခန်းဖွင့်ပွဲ အခမ်းအနားကို ဘွဲ့နှင်းသဘင်မြက်ခင်းပြင်၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဦးကျော်မြင့်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ မြန်မာနိုင်ငံ ဆရာဝန်အသင်း(မကွေး)ပထမအကြိမ် ဆေးပညာညီလာခံကို ဖေဖော်ဝါရီ ၄ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး

ရေးမြို့၌ သင်တန်းဖွင့်ပွဲကျင်းပ

ရေး ဖေဖော်ဝါရီ ၁၃

ရေးမြို့နယ် မြေစာရင်းဦးစီးဌာနက ၂၀၁၀ခုနှစ် လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်မြေစာရင်းရုံး၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းနိုင်ဝင်းက အမှာစကားပြောကြားပြီး**(အောက်ပုံ)** မြို့နယ် မြေစာရင်း ဦးစီးဌာနမှူး ဦးဌေးဝင်းက စာရင်းကောက်ယူရခြင်း၏ရည်ရွယ်ချက်နှင့် လုပ်ငန်း စဉ်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကာလမှာ ၁၀ရက်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်မြေစာရင်း)**

● ***ရွှေဖုံးမှ***

ရှေးဦးစွာ SIPC ကုမ္ပဏီမှ Chief Officer Mr.Li Yong Sheng က အစမ်းတွင်း ရှင်းလင်းဆောင်၌ တွင်းတူးဖော်ဆောင်ရွက်ခဲ့မှုနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ စမ်းသပ်တွေ့ရှိခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက သဘာဝဓာတ်ငွေ့ခိုအောင်းပမာဏကို ခိုင်မာစွာ တွက်ချက်အတည်ပြုရေး၊ အခြားသော ခိုအောင်းလွှာများတွင် ရှာဖွေရေး တွင်းများ အရှိန်အဟုန်မြှင့် ဆက်လက်တူးဖော်ရေး၊ တွေ့ရှိထားသော သဘာဝဓာတ်ငွေ့များကို အမြန်ဆုံး ထုတ်ယူအသုံးပြုနိုင်ရန်အတွက် Field Development Plan ကို အမြန်ဆုံး တွက်ချက်တင်ပြရေးတို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးက နိုင်ငံခြားသား ပညာရှင်များနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်ပြီး လုပ်ငန်းခွင်အတွင်း သဘာဝဓာတ်ငွေ့ မီးရှို့စမ်းသပ်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

သင်ဂဒုံး အစမ်းတွင်း အမှတ်(၁)မှ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ကုဗပေ ၂ ဒသမ ၁ သန်းခန့်စမ်းသပ်ထုတ်လုပ်နိုင်ကြောင်း တွေ့ရှိရပြီး စွမ်းအင်ဝန်ကြီးဌာနနှင့် SIPC ကုမ္ပဏီတို့သည် လုပ်ကွက်အမှတ် Block -D အတွင်း ပုထိုးလုံ အစမ်းတွင်း အမှတ်(၃)၊ ပုထိုးလုံ အစမ်းတွင်း အမှတ် (၁-၁) နှင့် သင်ဂဒုံးအစမ်းတွင်း အမှတ်(၂) တို့ကို ဆက်လက်တူးဖော်သွားမည်ဖြစ်ကာ စနစ်တကျ ထုတ်ယူဖြန့်ဖြူးရေးအစီအစဉ်များကိုဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပြည်ထောင်စုနေ့ဂုဏ်ပြု

လမ်းသစ်များနှင့် စက်ရေတွင်းဖွင့်

ညောင်ဦးမြို့နယ် ထရိုင်းတောကျေးရွာ၌ စက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးရန်လင်းအောင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးသူရထွန်းလင်း၊ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် အလှူရှင်တစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

နတ်မောက်မြို့နယ်၌ ရွှေဘုံသာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းကိုနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

အုတ်ဖိုမြို့နယ် မြို့မ (၁)လမ်းတွင် အရှည် ပေ ၆၄၀၊ အကျယ် ၁၂ပေရှိ ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်ကကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သူနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးလွင်စိုးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကင်းမြို့နယ် (၁၅)ရပ်ကွက် ဘောက်ထော်ဈေးလမ်းအရှေ့ အရှည် ၉၇၂ ပေ၊ အနံ ၁၂ပေရှိ ကွန်ကရစ်လမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ရန်ကင်းမြို့နယ် စည်ပင်သာယာရေးကော်မတီမှ အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များက လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၇၀)

ပြင်ဦးလွင်မြို့နယ် မေတ္တာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် ဒေသခံပြည်သူတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မုံရွာမြို့ ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနား

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ အောင်ဇေယျလမ်းမကြီး (ကမ်းနားလမ်း) ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစီအစဉ်အရ တာဝန်ရှိသူတစ်ဦးက ကတ္တရာလမ်းသစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ တာဝန်ရှိသူတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ကတ္တရာလမ်းသစ် တစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်တွင် ၂၀၁၀ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း စီမံကိန်း ဆင့်ပွားသင်တန်း ဖွင့်ပွဲ အခမ်းအနားကို မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနရုံး၌ ဖေဖော်ဝါရီ ၁ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသန်း အဖွင့်အမှာစကား ပြောကြားစဉ်။

(မြို့နယ် ပြန်/ဆက်)

လေးမျက်နှာမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဇီဝကလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဇောလှ၊ အမှုဆောင်အရာရှိ ဦးငွေလှိုင်၊ မြို့မိမြို့ဖ ဦးမောင်ဇော်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံဆရာဝန်အသင်း သားဖွားမီးယပ်ပညာအဖွဲ့ (၉)ကြိမ်မြောက် ညီလာခံကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

မြန်မာနိုင်ငံဆရာဝန်အသင်း သားဖွားမီးယပ်ပညာအဖွဲ့၏ (၉)ကြိမ်မြောက် ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မန္တလေးမြို့ ဆီဒိုးနား ဟိုတယ် အမရပူရခန်းမ၌ ကျင်းပရာ (အပေါ်ပုံ) မြန်မာနိုင်ငံဆရာဝန်အသင်း သားဖွားမီးယပ်ပညာအဖွဲ့နာယက ပါမောက္ခဒေါက်တာဒေါ်ကြူကြူဆွေ၊ မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမောင်မောင်၊ မြန်မာနိုင်ငံဆရာဝန်အသင်း သားဖွားမီးယပ် ပညာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစောလွင်၊ မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်းနှင့် ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံဆရာဝန်အသင်း သားဖွားမီးယပ် ပညာအဖွဲ့ဝင်များ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခများ၊ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် သားဖွားမီးယပ်ပညာ ဘွဲ့လွန်သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမောင်မောင်နှင့် သားဖွားမီးယပ်ပညာအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစောလွင်တို့က အမှာစကားပြောကြားကြသည်။

ညီလာခံစာတမ်းဖတ်ပွဲတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခများ၊ နှီးနွယ်ဘာသာရပ်များမှ ပါမောက္ခများက စုစုပေါင်းစာတမ်း ၃၉ စောင်ကို တင်သွင်းဖတ်ကြားကြမည်ဖြစ်ပြီး စကားစစ်ထိုးပြိုင်ပွဲများလည်း ပါဝင်မည် ဖြစ်ကာ ညီလာခံကို ဖေဖော်ဝါရီ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စနူကာပြိုင်ပွဲယှဉ်ပြိုင်ရန် ထိုင်းသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာ အဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ(၂) ဦးတာရာမြင့်ဆွေ ခေါင်းဆောင်ပြီး အားကစားသမား ရဲဇော်ထွဋ်နှင့် ဝင်းခိုင်မင်းအေးတို့ ပါဝင်သော အဖွဲ့ဝင်သုံးဦးသည် ထိုင်းနိုင်ငံတွင် ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့် 1st Asian 6 Red Snooker Championship 2011 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြသည်။

အဆိုပါအဖွဲ့အား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် စနူကာနည်းပြ ဦးကျော်နိုင်ဦးတို့ ပါဝင်သော အလုပ်အမှုဆောင် အဖွဲ့တို့က ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရှိရသည်။

(စနူကာအဖွဲ့ချုပ်)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - ရေးသားသည်

မက္ကဆီကို၌ ညကလပ်အတွင်းပစ်ခတ်မှု ခြောက်ဦးသေဆုံး၊ ၃၇ဦးဒဏ်ရာရရှိ

ဂွါဒါလာဂျာရာ ဖေဖော်ဝါရီ ၁၃

မက္ကဆီကိုနိုင်ငံအနောက်ပိုင်း ဂွါဒါလာဂျာရာမြို့၌ ဖေဖော်ဝါရီ ၁၂ရက် နံနက်ပိုင်းက လူစည်ကားသည့် ညကလပ်တစ်ခု အတွင်းသို့ လက်နက်ကိုင်တစ်စု သေနတ်ဖြင့်ပစ်ပြီး လက်ပစ်ဗုံးငယ်တစ်လုံး ပစ်သွင်းလိုက်သည့်အတွက် လူခြောက်ဦးသေပြီး အနည်းဆုံး ၃၇ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။ **(အပေါ်ပုံ)**

ယာဉ်မောင်းတစ်ဦးအပါအဝင် ရှစ်ဦးသေဆုံးသည့် မွန်ထရီမြို့မှ တပ်ဖွဲ့ဝင်များနှင့် မူးယစ်ဂိုဏ်းဝင်သေနတ်သမားများအကြား တိုက်ပွဲဖြစ်ပွားပြီး နာရီပိုင်းအတွင်းမှာပင် ဂွါဒါလာဂျာရာမြို့တွင် သေနတ်သမားများ၏ အကြမ်းဖက်မှုပေါ်ပေါက်လာခြင်းဖြစ်သည်။ ဂွါဒါလာဂျာရာမြို့ရှိ အရက်ဆိုင်၊ စားသောက်ဆိုင်နှင့် ညကလပ်အတွင်း သို့ သေနတ်ဖြင့်ပစ်၊ လက်ပစ်ဗုံးနှင့် ပစ်ရန် အကြမ်းဖက်သမားတစ်စုသည် ဂျစ်ကားတစ်စီး၊ အငှားကားယာဉ်တစ်စီးဖြင့် ရောက်လာကြကြောင်း၊ ယင်းသို့ တိုက်ခိုက်သဖြင့် လူသုံးဦး ပွဲချင်းပြီး သေဆုံးပြီး ကျန်သုံးဦးမှာ ဆေးရုံရောက်ပြီးမှ သေဆုံးသွားခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ဝင်များက ပြောကြားခဲ့သည်။

(အင်တာနက်)

ဓားကိုင်ရမ်းကားသူ အမေရိကန်နိုင်ငံသား

လူလေးဦးကို သတ်ပြီးနောက် ရဲက ဖမ်းမိ

နယူးယောက် ဖေဖော်ဝါရီ ၁၃

***အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ယူကရိန်းနွယ်ဖွား အမေရိကန်နိုင်ငံသား တစ်ဦးအား ၂၈ နာရီအတွင်း လူလေးဦးကို ဓားကိုင်ရမ်းကားသတ်ဖြတ်မှုဖြင့် ရဲအဖွဲ့က ဖမ်းဆီးလိုက်သည်။** (အောက်ပုံ)*

ဖမ်းဆီး

မတ်စင်းဂျယ်လ်မန် အမည်ရှိ အဆိုပါလူဆိုးအား ရဲအဖွဲ့က မီးရထားပေါ်၌ ဖေဖော်ဝါရီ ၁၂ ရက်တွင် ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း နယူးယောက်တိုင်း(မ်)သတင်းစာ၌ ဖော်ပြထားသည်။

အသက် ၂၃ နှစ်ရှိ ဂျယ်လ်မန်သည် ၎င်း၏ပထွေး၊ ရည်းစားဟောင်းနှင့် မိခင်ဖြစ်သူတို့အား ဓားဖြင့်လိုက်လံထိုးသတ်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် သောကြာနေ့ စောစောပိုင်းက ကားခိုးထွက်ပြေးပြီး အသက် ၆၂နှစ်အရွယ် ခြေကျင်လျှောက်သူ အမျိုးသားတစ်ဦးကိုလည်း ကားဖြင့်တိုက်သတ်သွားကြောင်း ရဲအရာရှိ ရေးမွန်ကယ်လီက ပြောကြားသည်။

(အင်တာနက်)

ထိခိုက်ဒဏ်ရာရသူများအား ဆာမာရာမြို့ ဆေးရုံသို့ ကားဖြင့် ပို့ဆောင်ပေးစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆာမာရာမြို့အနီး အသေခံဗုံးခွဲတိုက်ခိုက်၊ ၃၈ ဦးသေဆုံး

ဆာမာရာ ဖေဖော်ဝါရီ ၁၂

အီရတ်နိုင်ငံ ဆာမာရာမြို့အနီး၌ ဖေဖော်ဝါရီ ၁၂ရက်က ရှီးယိုက်တို့အား ပစ်မှတ်ထားလျက် အသေခံဗုံးခွဲ တိုက်ခိုက်သူတစ်ဦးက ဗုံးခွဲတိုက်ခိုက်ခဲ့သဖြင့် ၃၈ ဦးသေဆုံးပြီး ၇၄ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲသတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။

ဒုတိယမြောက်တိုက်ခိုက်မှု

ယင်းတိုက်ခိုက်မှုသည် ယခုသီတင်းပတ်အတွင်း ဆာမာရာမြို့အနီး၌ ဒုတိယမြောက်တိုက်ခိုက်မှုဖြစ်ကြောင်း၊ သေဆုံးသူများတွင် အမျိုးသမီးများနှင့် ကလေးများ ပိုမိုများပြားကြောင်း ဆာမာရာဆေးရုံ၌ ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့မြောက်ဘက် ၆၂ မိုင်အကွာရှိ ဤဆာမာရာမြို့အနီး ဖေဖော်ဝါရီ ၁၀ ရက်က ရှီးယိုက်ကားတစ်စီးကို အသေခံဗုံးခွဲတိုက်ခိုက်ခဲ့သဖြင့် လူရှစ်ဦးသေဆုံးပြီး ၃၀ ဒဏ်ရာရရှိသွားခဲ့ကြောင်း သိရသည်။

ဗုံးခွဲတိုက်ခိုက်သူသည် ခါးတွင် ဖောက်ခွဲရေးပစ္စည်းများပတ်ပြီး အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ အီရတ်တပ်ဖွဲ့ဝင်တစ်ဦးက ဆာမာရာမြို့တောင်ပိုင်းအဝင်ဝ၌ ရပ်တန့်ရှာဖွေရန်ကြိုးစားနေစဉ် ၎င်းက ရှီးယိုက်ယာဉ်တစ်စီးအနီး ပြေးလွှားပြီး အသေခံဗုံးခွဲတိုက်ခိုက်လိုက်ခြင်းဖြစ်ကြောင်း ဆာလာဟူဒင်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး အာမက်အဗ္ဗဒူလ်ဂျက်ဘားက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ကမ်းနားလမ်းသစ်ဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်းသည် ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲပိုင်းက အလုံမြို့နယ် အေးရှားဝေါလ်ဆိပ်ကမ်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက ကမ်းနားလမ်းသစ် ဖောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးသည် လမ်းအပိုင်းလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်ကျေးရွာရှိ ငမိုးရိပ်ရေထိန်းတံခါး တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူးသည် ဖေဖော်ဝါရီ ၇ ရက်တွင် လှည်းကူးမြို့နယ် ရဲမွန်(၁) လျှပ်စစ်ရေတင်စီမံကိန်း လဂွန်းပြင်ဆည် ပင်မမြောင်းမှ ရေတင်ပို့လွှတ်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တနိုင်းမြို့ ကင်ဆားရာရပ်ကွက် တပင်ရွှေထီးလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်းနှင့် ရပ်မိရပ်ဖ ဦးအောင်ဇင်ထွန်းတို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ချမ်းအေးသာစံမြို့နယ် အမှတ် (၁၆) အထက မြတ်ဆရာပူဇော်ပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၃

မန္တလေးမြို့ အထက (၁၆)တွင် ၁၉၆၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသားဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၃၀ ရက်က အထက (၁၆) စုဝေးခန်းမသစ်ကြီး၌ ကျင်းပရာ ပူဇော်ပွဲအခမ်းအနားသို့ အငြိမ်းစားကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမ ၂၂၀နှင့် ကျောင်းသား ကျောင်းသူဟောင်း ၂၀၀ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး ဒေါ်စောကြင်အုန်းက ဩဝါဒစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးထွေးသန်းက အမှာစကားပြောကြားကာ အငြိမ်းစားဆရာမကြီး ဒေါ်ဟန်မြင့်က ဆုပေးစကားများပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူဟောင်းများ၏ကိုယ်စား ဒေါက်တာ သွယ်သွယ်တိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ မြတ်ဆရာပူဇော်ပွဲတွင် ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းစုစုပေါင်း ငွေကျပ်သိန်း ၁၀၀ ကျော် တန်ဖိုး ပေးအပ် ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၀၄၀)

ဗဟန်းမြို့နယ် အမှတ်(၁၂)အခြေခံပညာမူလတန်းကျောင်း၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်ကကျင်းပရာ မြို့နယ်အဆင့်စာပေဘာသာရပ်ထူးချွန်ဆုနှင့် ဒုတိယဆုရ စတုတ္ထတန်းမှ မစုစန္ဒီအောင်အား ဗဟန်းမြို့နယ် ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

မလေးရှားနိုင်ငံထုတ် စားအုန်းဆီအခြေခံထုတ်ကုန် ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

Malaysia Palm Oil Council (MPOC), Felda Delima Oil Products Sdn Bhd နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်သော Malaysia Palm Oil Base Product Seminar & Exhibition အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel ၌ ကျင်းပရာ ရှေးဦးစွာ အခမ်းအနားကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E Dato Mazlan Mohammad က အမှာစကား ပြောကြားသည်။

ဖွင့်လှစ်

ဆက်လက်၍ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက မြန်မာနိုင်ငံဆီအုန်း လုပ်ငန်းရှင်များအကြောင်း ရှင်းလင်းပြောကြားကာ Malaysia Palm Oil Base Product Seminar & Exhibition ကို အောင်မြင်စွာ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် Felda Delima Oil Products Sdn Bhd. မှ Factory Manager, Mr. Liew Chee Ping က အရည်အသွေးမြင့်မားစွာ စနစ်တကျထုတ်လုပ်ထားသော မုန့်လုပ်ငန်းသုံး Saji Bakery Fat နှင့်စပ်လျဉ်းသည့် အရည်အသွေး တိကျသေချာမှုနှင့်ထုတ်လုပ်ပုံအဆင့်ဆင့်ကိုမိတ်ဆက်ရှင်းလင်းပြသပြီး Felda Vegetable Oil Product မှ Senior Executive Director, Mr. Wan Mohd Zain က Felda ကုမ္ပဏီအကြောင်းကိုလည်းကောင်း၊ Myanmar Marketing Research & Development ဌာနမှူး ဦးအောင်မင်းက မြန်မာနိုင်ငံ၌ စားသုံးဆီသုံးစွဲမှုနှင့် စပ်လျဉ်းသည့် သုတေသနပြုလုပ်တွေ့ရှိချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် မလေးရှားနိုင်ငံမှ ကျွမ်းကျင်သော စားဖိုမှူးကြီးများက အသုံးပြုပုံများကိုလက်တွေ့သရုပ်ပြသချက်ပြုတ်ပြကြသည်။

မေးမြန်းစုံစမ်းနိုင်

မလေးရှားနိုင်ငံ Felda Delima Oil Products Sdn Bhd မှ ထုတ်လုပ်သော အရည်အသွေးမြင့်မားသည့် မုန့်လုပ်ငန်းသုံး Vegetable Ghee, Adela Margarine, Pelangi Margarine , Mariana Shortening, Mariana Pastry Margarine , Saji Bakery Fat များကို ကိုယ်စားလှယ်ရယူကာ ဖြန့်ဖြူးရောင်းချလိုသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဝယ်ယူအသုံးပြုလိုသည့် မုန့်လုပ်ငန်းရှင်ကြီးများအနေဖြင့် Grand Wynn Enterprises Ltd. အမှတ် ၄၀ ၆၇လမ်း ဗိုလ်တထောင်မြို့နယ်ရန်ကုန်မြို့ ဖုန်း-၂၉၄၀၄၅၊၂၉၀၁၇၀၊၂၉၁၃၁၈ နှင့် e-mail:grandwyn@myanmar.com.mm တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အထက(၂)လမ်းမတော် ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

အထက(၂)လမ်းမတော် ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၀ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများတက်ရောက်ကြရန်နှင့် အလှူငွေများကို အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့် ဖုန်း-၀၉-၈၅၁၆၁၉၉၊ ၂၂၈၁၀၄၊ ဒုတိယဥက္ကဋ္ဌ ဦးကံကောင်း ဖုန်း-၀၉-၉၈၂၃၅၂၈၊ အတွင်းရေးမှူး ဦးစိန်ဝင်း ဖုန်း-၀၉-၅၁၃၉၀၈၉၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ကြည်ကြည်ဝင်း ဖုန်း-၀၉-၅၁၃၉၀၈၉၊ ဘဏ္ဍာရေးမှူး ဦးကြင်စိန် ဖုန်း-၀၉-၈၆၁၀၈၉၈၊ ၀၉-၈၀၃၀၂၆၁နှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်လှလှဝင်းတို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

စီးပွားရေးဆိုင်ရာ ဒီပလိုမာ သင်တန်းများဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

လုပ်ငန်းခွင်ဝင် စီးပွားရေးနှင့် ဈေးကွက်စီမံခန့်ခွဲမှု Diploma သင်တန်းဖြစ်သော Diploma in Business သင်တန်းကို Thames Management Centre (Yangon) နှင့် (Mandalay) တို့၌ စတင်ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်း၏ ရည်ရွယ်ချက်မှာ စီးပွားရေးနယ်ပယ်အသီးသီး၌ ဝင်ရောက်လုပ်ကိုင်မည်ဆိုပါက အခြေခံကျသည့် စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒများကို သိရှိနားလည်ပြီး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊ စီးပွားရေးနှင့် ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ စုပေါင်းရှာဖွေပြီး အချိန်မီ စိစစ်တွက်ချက်နိုင်ရန်၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းများကို စနစ်တကျ ကိုင်တွယ်ဆောင်ရွက်ဆုံးဖြတ်နိုင်ရန်၊ စီးပွားရေးနှင့် ဈေးကွက်အတွင်း စနစ်တကျရှိရမည့် လူထုဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များကို တတ်ကျွမ်းရန်၊ စီးပွားရေးလုပ်ငန်းခွင်အတွင်း မဖြစ်မနေ တတ်မြောက်ထားရမည့် Internet နှင့် e-mail အသုံးပြုပုံများနှင့် အခြေခံကျသော ကွန်ပျူတာပိုင်းဆိုင်ရာ ပညာရပ်များကို တတ်ကျွမ်းစေရန်အတွက် ပြည့်စုံလုံလောက်သည့် လုပ်ငန်းခွင်ဝင်စီးပွားရေးနှင့် ဈေးကွက်စီမံခန့်ခွဲမှု ပညာရပ်များကို အချိန်ကုန်၊ ငွေကုန်သက်သာစွာဖြင့် လေ့လာသင်ယူခွင့်ရရှိနိုင်ရန်တို့ ဖြစ်သည်။

သင်တန်းတွင် Computer Application, Accounting Fundamental, Essentials of Management Skills, Communication Skills at Work စသည့် ဘာသာရပ်များပါရှိသည်။

မေးမြန်းနိုင်

သင်တန်းကာလမှာ လေးလကြာမြင့်မည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက စီးပွားရေးလုပ်ငန်းနယ်ပယ်အသီးသီးတွင် အလုပ်အကိုင် အခွင့်အလမ်းများကို ရရှိနိုင်မည်ဖြစ်သည်။

အသေးစိတ် သိရှိလိုပါက Thames Management Centre, Yangon ဖုန်း -၀၁-၅၂၅၉၇၁၊ ၅၀၁၄၅၀ နှင့် ၇၀၆၇၄၀ မြေနီကုန်းပလာဇာ ဒုတိယထပ် (ဒဂုံစင်တာနှင့် ဂမုန်းပွင့်ကြား) ဗားကရာလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့နှင့် Thames Management Centre, Mandalay ဖုန်း -၀၂-၆၉၃၁၈နှင့် ၆၉၃၁၉ အမှတ် (C44) ၃၂လမ်း× ၃၃လမ်းကြား ၇၇ လမ်း × ၇၈ လမ်းကြားချမ်းအေးသာစံမြို့နယ် မန္တလေးမြို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မိုင်းကိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းဘေးဝဲယာတွင် ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ပန်းအလှပင်များနှင့် အရိပ်ရပင်များ စိုက်ပျိုးခြင်းကို အဖွဲ့ဝန်ထမ်းများ ဇန်နဝါရီ ၃၁ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမြတ်ကိုသန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ မြို့ပေါ်ရပ်ကွက်များအား သောက်သုံးရေ ဖြန့်ဝေပေးသော ဂါလန် (၁၀၀၀၀) ဆံ့ ရေကန်နှင့် မီးသတ်ရေကန်များ ရေဖြည့်တင်းထားရှိမှု အခြေအနေများကို ဖေဖော်ဝါရီ ၅ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူရနှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မြတ်တို့ ကြီးကြပ်စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြား

မြဝတီခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးခင်ကျော် သဝဏ်လွှာဖတ်ကြားစဉ်။ (၀၈၀)

နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ်ဥက္ကဋ္ဌ သဝဏ်လွှာဖတ်ကြားစဉ်။ (သတင်းစဉ်)

သုံးခွမြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်း သဝဏ်လွှာဖတ်ကြားစဉ်။ (သတင်းစဉ်)

ခရမ်းမြို့နယ်ဥက္ကဋ္ဌ ဦးတင်မြင့် သဝဏ်လွှာဖတ်ကြားစဉ်။ (သတင်းစဉ်)

တောင်ဥက္ကလာပမြို့နယ်ဥက္ကဋ္ဌ ဦးချစ်သိန်း သဝဏ်လွှာဖတ်ကြားစဉ်။ (၁၁၉)

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဥက္ကဋ္ဌ ဦးဌေးကျော် သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ဥက္ကဋ္ဌ ဦးလှဝေ သဝဏ်လွှာဖတ်ကြားစဉ်။ (၀၅၇)

ကမာရွတ်မြို့နယ်ဥက္ကဋ္ဌ ဦးအောင်တင် သဝဏ်လွှာဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)



သဃ်ာန်းကျွန်းမြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင် သဝဏ်လွှာဖတ်ကြားစဉ်။ (၁၂၁)

မင်္ဂလာတောင်ညွန့်မြို့နယ်ဥက္ကဋ္ဌ ဦးဇေယျအုန်း သဝဏ်လွှာ ဖတ်ကြားစဉ်။ (၁၇၂)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၂-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၁၀ ၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၀ ၉။ အတီးပြိုင်ပွဲ
၈း၃၀ ၁၀။ **စက်မှုဇုန်မှာကျွန်မစက်ရုံ လာတည်တော့မယ်**
၈း၄၀ ၁၁။ International News
၈း၄၅ ၁၂။ တေးဂီတအစီအစဉ်
၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပဒေသာ
၄း၂၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄း၃၀ ၄။ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
၅း၀၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၅ ၆။ တေးဂီတအစီအစဉ်
၅း၂၀ ၇။ မြန်မာစာ၊မြန်မာစကား
၅း၃၅ ၈။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ **ပျော်စရာကမ္ဘာသို့** လွင်မိုး၊စိုးမြတ်နန္ဒာ၊ဇေလုဝ၊ ၄က်ပျောကြော် (ဒါရိုက်တာ-မိုက်တီး)
၆း၃၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၈)
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **ကမ္ဘာကျော်သရုပ်ဆောင်များ** (အပိုင်း-၁၁)
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ** (အပိုင်း-၂)
၁၈။ အစီအစဉ်ပြီး၏။

စာပေမြင့်မှ လူမျိုးတင့်မည်

Software & Solution Exhibition 2011 ပြပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ကွန်ပျူတာအသုံးချ Software များ တွင်တွင်ကျယ်ကျယ် အသုံးပြုလာစေရန်နှင့် Software Products များအား အများပြည်သူ ပိုမို သိရှိနားလည်စေရန် ရည်ရွယ်ချက်ဖြင့် Software & Solution Exhibition 2011 ပြပွဲကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၁၉ ရက်အထိ အမှတ် ၉၂ ကမ်းနားလမ်း ရန်ကုန်မြို့ရှိ STRAND HOTEL ၌ နှစ်ရက်တိုင်တိုင် ကျင်းပရန်စီစဉ်ထားကြောင်း သိရသည်။

ဝင်ရောက်ပြသ

အဆိုပါပြပွဲ၌ PAG Company Limited, Lucky Bird, Inforithm-Maze, Ahtar Oo Co.,Ltd, MCC Group, INTEGRA, Thein Kabar, K-Link, Capstone Group, MIT, Global Wave, Myanmar Inspirations, Assembler Computer Centre, TRUST NET Computer, BizSoft, e-Trade, MMG, MTG, KMD စသည့်ကုမ္ပဏီပေါင်း ၁၉ ခု ပါဝင်ပြသကြမည်ဖြစ်ပြီး ပြခန်းပေါင်း ၃၄ခန်း ဝင်ရောက်ပြသကြမည်ဖြစ်သည်။ ယင်းပြပွဲတွင် ဆော့ဖ်ဝဲကုမ္ပဏီများ၊ Solution Provider များ၊ သင်တန်းကျောင်းများ အစရှိသည့် ကုမ္ပဏီများ ဝင်ရောက်ပြသကြမည်ဖြစ်သည်။

ကျင်းပ

ယခုကျင်းပမည့် Software & Solution Exhibition 2011 ပြပွဲသည် ကွန်ပျူတာ အသင်းများက ကြီးမှူးကျင်းပသော ဒုတိယအကြိမ်မြောက်ပြပွဲဖြစ်ပြီး ပထမအကြိမ်ပြပွဲကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သည်။

ဟောပြော

ယခုပြပွဲနှင့်အတူ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ STRAND HOTEL ၌ Software & Solution နှင့်ပတ်သက်သည့် ဟောပြောပွဲများလည်း ကျင်းပရန်စီစဉ်ထားသည်။

စီစဉ်ထား

ကွန်ပျူတာအသင်းများက ကြီးမှူးကျင်းပသော Myanmar ICT Exhibition (March 2011) ပြပွဲကိုလည်း မတ် ၁၈ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရန်စီစဉ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်တွေခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းကုသမှုအောင်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဦးသိန်းဆွေ၏ဦးဆောင်မှုဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များပူးပေါင်းပါဝင်ဆောင်ရွက်သည့် ရခိုင်ပြည်နယ် စစ်တွေခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းခွဲစိတ်ကုသမှုအောင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီက စစ်တွေမြို့ ပြည်နယ်အထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

(အောက်ပုံ)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရခိုင်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးလှမောင်တင်က ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားပြီး မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသမှုအဖွဲ့ ခေါင်းဆောင် ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာဦးတင်ဝင်းက မျက်စိအခမဲ့စမ်းသပ်ခွဲစိတ်ကုသခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပူးပေါင်းပါဝင်

အဆိုပါ မျက်စိအခမဲ့ ကွင်းဆင်းစမ်းသပ်ခွဲစိတ်ကုသခြင်းလုပ်ငန်းတွင် ရန်ကုန်မြို့မှ မျက်စိအထူးကု ဆရာဝန်ကြီးပါမောက္ခ/ဌာနမှူး ဒေါက်တာဦးတင်ဝင်းနှင့်မျက်စိအထူးကုဆရာဝန် ဒေါက်တာနီလာသိန်း၊ ဒေါက်တာလှကေသီ၊ လက်ထောက်ဆရာဝန်များဖြစ်ကြသော ဒေါက်တာ နှင်းယုချစ်ဆိုင်၊ဒေါက်တာအောင်နေဦး၊ဒေါက်တာမာလာကြိုင်၊ ဒေါက်တာဇေဇီကျော်၊ ဒေါက်တာမေကိုကိုသက်၊ ဒေါက်တာကိုကိုလင်း၊ဒေါက်တာသိန်းသန်းထိုက်၊ ဒေါက်တာသီဂီဝင်း (၂)၊ ဒေါက်တာယဉ်နွယ်ဦး၊ ဒေါက်တာလှမြတ်နွယ်၊ ဒေါက်တာအေးသီတာ၊ ဒေါက်တာနိုင်လင်း၊ဒေါက်တာနီနီလှိုင်၊ဒေါက်တာဆောင်းမို့မို့ဝင်း၊ သူနာပြုဆရာမကြီးနှင့် သူနာပြု ၁၂ ဦး၊ Alcon Co. မှ ကျွမ်းကျင်ပညာရှင် ဦးတင်ထွန်းဝင်း၊ မျက်စိ/မျက်မှန်ကျွမ်းကျင် ဦးဝင်းနိုင်ထွန်းတို့ ပါဝင်ကြပြီး စစ်တွေမြို့မှ ပြည်နယ် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာမိုးကျော်၊ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးရုံဝန်ထမ်းများလည်း ပူးပေါင်းပါဝင်ခဲ့ကြသည်။

လှူဒါန်း

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး၏ ဦးဆောင်မှုဖြင့် ယင်းမျက်စိခွဲစိတ်ကုသမှုလုပ်ငန်းများကို ဖေဖော်ဝါရီ ၈ ရက်မှ ၁၁ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေခရိုင်အတွင်းရှိ စစ်တွေ၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ပေါက်တောနှင့် မြေပုံမြို့နယ်များမှ မျက်စိဝေဒနာရှင် ပြင်ပလူနာ ၁၄၄၅ ဦးနှင့် အတွင်းတိမ်လူနာ ၅၇၃ ဦးတို့အား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးခဲ့ပြီးနေကာမျက်မှန်များ၊ ထောက်ပံ့ငွေများနှင့်ဆေးဝါးပစ္စည်းများ ပေးအပ်ခဲ့သည်။ ယင်းကုသမှုလုပ်ငန်းများအတွက် လိုအပ်သော ဆေးဝါးပစ္စည်းများနှင့် ကုန်ကျစရိတ်များကို အလှူရှင်များဖြစ်ကြသော ဒေါက်တာမောင်မောင်အေး(မိုးထက်ကမ္ဘာကုမ္ပဏီ)၊ ဦးအောင်မြတ် (Mother Trading Co.,Ltd.)၊ ဦးဝင်းလွင် (ကျော်သာကုမ္ပဏီ)၊ ဦးအောင်မိုးကျော် (ပြည့်ဖြိုးအောင်ကုမ္ပဏီ)၊ ဦးထင်လင်းအောင် - ဒေါ်ထက်ထက်အောင် (MYANMAR PRODIGY Co., Ltd.) တို့က လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများက စစ်တွေခရိုင်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ် ကုသပေးကြစဉ်။
(ပို့ဆောင်ရေး)

ဖဲကြိုးဖြတ်ဖွင့်လှစ်

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ငူမြို့ ဦးမုန်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က အဆိုပါမုခ်ဦး၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွဋ် တက်ရောက်ခဲ့ပြီး ခရိုင်ဥက္ကဋ္ဌ ဦးလှမင်းထွဋ်နှင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းဖော်ပြပြီး) (မြို့နယ်စည်ပင်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၇)ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၇)၊ အမှတ် (၇)၌ ပြည်ထောင်စုအစိုးရဖွဲ့ပြီ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ ထုတ်ပြန်ကြေညာ၊ ရန်ကုန်သားတွေ ရေအတွက်မပူပါနဲ့၊ မြန်မာ့ဘုရင် သီပေါမင်းနေထိုင်ခဲ့သော နန်းတော်ကို ပြတိုက်အဖြစ်ပြောင်းလဲမည်၊ ကမ္ဘာတွင် ခရီးသွားလုပ်ငန်း ရုတ်ခြည်းတိုးတက်လာသောနိုင်ငံအဖြစ် မြန်မာ ရွေးချယ်ခံရ၊ ခြေ၊ လက် ၂၆ ချောင်းပါ မြန်မာပြည်က သမီးငယ်လေး ဂင်းနက်စ်စံချိန်တင်ရန် ကြိုးပမ်းနေ၊ ပါရမီတက္ကစီ အနုကြမ်းစီးခံရ၊ ရေသန့်များကို စစ်ဆေးပြီ၊ မြန်မာလုပ်သားများ ဘယ်ဆီဆက်သွားကြမလဲ၊ ကျွန်တော်တို့ စားစာခံတွေကို ရှေ့ကကာခိုင်းထားပြီး သေနတ်နဲ့ချိန်ထားတဲ့ ဆိုမာလီစားပြလက်မှ လွတ်မြောက်လာသော သင်္ဘောသား ကိုဇေယျာ၊ ကိုဝင်းကိုနှင့် တွေ့ဆုံခြင်း၊ အယ်ဒီတာ့ထံပေးစာ၊ ခေါင်းဆောင်ဟူသည်၊ မင်းခယောက်ျားအမေနဲ့ရည်ဘယ်တော့မှမခန်းပြီစသည့်ဖတ်စရာ၊ မှတ်စရာ သတင်းဆောင်းပါးများ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

အပြောင်းအလဲက မဟာဗျူဟာမြောက် ဘေးအန္တရာယ်များကို ဆောင်ကြဉ်းလာမည်လား နိုင်ငံတကာသတင်းဆောင်းပါးနှင့်အတူ အိန္ဒိယကို ဘယ်အရာတွေဒုက္ခပေးနေလဲ၊ ဂျပန်တွင် ကပ်ဘေးဒုက္ခသုံးမျိုးဆက်တိုက်ဖြစ်ပွား၊ အိန္ဒိယတွင် ရထားခေါင်မိုးပေါ်လိုက်ပါစီးနင်းသူ ၁၈ ဦး သေဆုံး၊ လူငယ်များတွင် အဖြစ်များသော စိတ်ဝေဒနာ၊ အချစ်ကြောင့် ထောင်ချခံရပြီ၊ လီဟိုးရီက အာရှမှာ ဆွဲဆောင်မှုအရှိဆုံး စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e- Empire Media House မှ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ ***(သတင်းစဉ်)***

မြောက်ဦး၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

မြောက်ဦး ဖေဖော်ဝါရီ ၁၃

စစ်တွေခရိုင် မြောက်ဦးမြို့နယ် မောင်ရှီကန်ကျေးရွာ အလင်းတံခါး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ရှေးဦးစွာ အလင်းတံခါး စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးမင်းနိုင်ထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးမြင့်စိုးနှင့် စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးမောင်လုံးဖြူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ပေးအပ်လှူဒါန်း

အဆိုပါ အလင်းတံခါးစာကြည့်တိုက်သို့ မြောက်ဦးမြို့နယ်ဥက္ကဋ္ဌ ဦးမင်းနိုင်ထွန်းက ငွေကျပ်တစ်သိန်းတစ်သောင်းတန်ဖိုးရှိ စာအုပ်မျိုးစုံ အုပ်ရေ ၂၀၀၊ မြို့နယ်ဦးစီးမှူး ဦးမြင့်စိုးက စာအုပ်စာစောင် ၁၅၀ နှင့် ဦးအောင်ဌေးဦးက ငွေကျပ်သုံးသိန်းတန်ဖိုးရှိ စာအုပ်မျိုးစုံ အုပ်ရေ ၃၅၀ တို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရှင်းလင်းတင်ပြ

မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့တွင်းလမ်းမကြီး ဘေးဝဲယာ သာယာလှပရေးဆောင်ရွက်နေမှုကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ဖေဖော်ဝါရီ ၂ ရက်က ကွင်းဆင်း စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်သူ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား

၁၄-၂-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄	၃။	နိုင်ငံတော်သီချင်း
၇:၀၅	၄။	တရားတော်
၇:၂၀	၅။	ဓမ္မပူဇာတေး
၇:၂၅	၆။	မျိုးချစ်တပ်မတော်
၇:၃၀	၇။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၅	၈။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄	၃။	နိုင်ငံတော်သီချင်း
၄:၀၅	၄။	အဖွင့်သီချင်း
၄:၁၀	၅။	မျိုးချစ်တပ်မတော်
၄:၂၀	၆။	စိုက်ပျိုးသုတ
၄:၂၅	၇။	အားလုံးရဲ့တာဝန်
၄:၃၀	၈။	၂၀၁၁ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
၅:၂၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀	၁၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း-၁၅)
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၄၀	၁၃။	သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောအားမာန်** (အပိုင်း -၃၈)
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	Talk of The Town
	၂၀။	မေးမြန်းစူးစမ်း
	၂၁။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၂။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်၌တည်သောသစ္စာ** (အပိုင်း-၄)
	၂၄။	**Miniseries**

အလိမ္မာ စာမှာရှိ

ပိတ်ဆို့မှုရှင်းတမ်း

ရန်ကြီးအောင်

ဖေဖော်ဝါရီလ (၈)ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် NLD ၏ **"မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ"**ဟု ခေါင်းစဉ်တပ်ထားသောစာတမ်းအပေါ် ကျွန်တော်၏ လေ့လာဆန်းစစ်တွေ့ရှိချက်အချို့ကို **"ပိတ်ဆို့မှု၊ ဒေါ်စုကြည်နှင့် NLD"**ဆိုသောခေါင်းပါးဖြင့် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံအပေါ် အမေရိကန်၊ ဥရောပသမဂ္ဂ၊ ဩစတြေးလျနှင့် နယူးဇီလန် စသော အနောက်နိုင်ငံများက ချမှတ်ထားသော ပိတ်ဆို့မှုများနှင့်ပတ်သက်၍ သဘောထားအမျိုးမျိုးထွက်ပေါ်လာနေသည်ကို တွေ့ရ၏။ **မြန်မာနိုင်ငံ၌ စစ်ဘက်ကအုပ်ချုပ်မှုအဆုံးသတ်ခဲ့ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူအများ ရွေးချယ်တင်မြှောက်သည့် ဒီမိုကရေစီအစိုးရအဖွဲ့သစ်ပေါ်ပေါက်လာနေပြီဖြစ်ရာ ဒီမိုကရေစီ အပြောင်းအလဲအတွက် ဦးတည်ရည်ရွယ် ချမှတ်ထားပါသည်ဆိုသည့် ပိတ်ဆို့မှုများကို ဖယ်ရှားသင့်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ၏ အိမ်နီးချင်းများဖြစ်သည့် အာဆီယံနိုင်ငံများကလည်းကောင်း၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် တရားဝင်နိုင်ငံရေးပါတီများကလည်းကောင်း တောင်းဆိုခဲ့ကြသည်။ မှတ်သားဖွယ်ကောင်းသည်မှာ ပိတ်ဆို့မှုကိုဖယ်ရှားပေးရန် တောင်းဆိုခဲ့သည့် နိုင်ငံရေးပါတီများမှာ လွှတ်တော်ကိုယ်စားလှယ်နေရာ အများစုရရှိထားသည့် နိုင်ငံရေးပါတီကြီးနှင့်လည်းကောင်း၊ အစိုးရအဖွဲ့နှင့်လည်းကောင်း နီးစပ်ခြင်းမရှိသည့်အပြင် အစိုးရနှင့်လည်း သဘောထားချင်း အမြဲတိုက်ဆိုင်သည်ဟု မဆိုနိုင်သော ပါတီများဖြစ်နေခြင်းပင်။ ထို့အပြင် ယင်းပါတီများတွင် တိုင်းရင်းသားလူမျိုးစုပါတီများလည်း ပါဝင်နေသည်ကို တွေ့ရသည်။**

ထို့ကြောင့် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် ပိတ်ဆို့မှုများကို ဖယ်ရှားသင့်ကြောင်း သဘောထားအမြင်ရှိသူများမှာ မြန်မာအစိုးရအာဏာပိုင်အဖွဲ့တစ်ခုတည်းသာမဟုတ်ဘဲ မြန်မာ့နိုင်ငံရေးအခြေအနေကို နီးနီးကပ်ကပ် လေ့လာသိရှိရသော ဒေသတွင်းအိမ်နီးချင်းနိုင်ငံများ၊ မြန်မာနိုင်ငံအတွင်း ဒေသအသီးသီး၊ တိုင်းရင်းသား လူမျိုးစုအသီးသီး၊ လူတန်းစားအလွှာအသီးသီး၊ နိုင်ငံရေးအမြင်အသီးသီးကို ကိုယ်စားပြုသော ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်နေကြသည်ဖြစ်ရာ ကျယ်ပြန့်သောအခြေခံ(Broad Based)ရှိသည့် အမြင်တစ်ရပ်ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

တစ်ဖက်တွင်လည်း မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများကို ဦးဆောင်ချမှတ်သည့်နိုင်ငံဖြစ်သော အမေရိကန်က ပိတ်ဆို့မှုများကို ဆက်လက်ထားရှိဦးမည်ဟု ထုတ်ဖော်ပြောကြားခဲ့သကဲ့သို့ ယခုအခါ ဥပဒေကြောင်းအရ တရားဝင်ရပ်တည်ခွင့်မရှိတော့ပြီဖြစ်သည့် NLD ကလည်း အထက်တွင်ဖော်ပြခဲ့သည့် စာတမ်းတစ်စောင်ကို ထုတ်ပြန်ကာ ပိတ်ဆို့မှုဘက်မှ ကာကွယ်ပြောကြားခဲ့သည်ကို တွေ့ရပြန်သည်။

ဤသို့ ပိတ်ဆို့မှုနှင့်ပတ်သက်၍ ဆက်ထားသင့်သည်၊ ဖယ်ရှားသင့်သည်ဟု ငြင်းခုံနေကြရာတွင် အများပြည်သူများအတွက် မိမိတို့ကိုယ်တိုင် ယထာဘူတကျစွာ စဉ်းစားဆင်ခြင်သုံးသပ်နိုင်ရန် သိရှိနားလည်ထားသင့်သောအချက်များကို **"ဆိုရေးရှိက ဆိုအပ်လှ၏"** ဆိုသကဲ့သို့ ဤခေါင်းပါးဖြင့် ဆက်လက် တင်ပြလိုက်ရခြင်းဖြစ်ပါသည်။

ပိတ်ဆို့မှု၏ အခြေခံအတွေးအခေါ်သဘောတရား

ဤနေရာ၌ ပိတ်ဆို့မှုသည် ကောင်းသောလုပ်ရပ်တစ်ခုဟုတ်သည် မဟုတ်သည်ကို ဝိဝါဒကွဲ၍ ငြင်းခုံကြရန်မရှိပါ။ လူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ လူအများကိုဖြစ်စေ စားဝတ်နေရေး၊ စီးပွားရေးအသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများ၌ လုပ်ကိုင်ခွင့်မရအောင် အခက်အခဲ အကျပ်အတည်းဖြစ်အောင် ပိတ်ဆို့တားမြစ် တားဆီးထားခြင်းသည် မကောင်းသောအပြုအမူဖြစ်သည်ကို လူမှန်းသိတတ်စ ကလေးသူငယ်အရွယ်များပင်လျှင် နားလည်ကြပါသည်။

သို့စင်လျက် နိုင်ငံတစ်နိုင်ငံက အခြားတစ်နိုင်ငံအပေါ် Economic Sanction ဟုခေါ်သည့် စီးပွားရေးဆိုင်ရာ ပိတ်ဆို့မှုများကို ချမှတ်ကြပါသည်။ ဤနေရာ၌ စီးပွားရေးပိတ်ဆို့မှုကို စစ်ရေး၊ စီးပွားရေး၊ နိုင်ငံတကာ ဆက်ဆံရေးစသည့် ကဏ္ဍအသီးသီးတွင် သုံးစွဲမှုများရှိကြသော်လည်း နိုင်ငံတကာဆက်ဆံရေး သို့တည်းမဟုတ် နိုင်ငံခြားရေးကဏ္ဍ၌ သုံးစွဲမှုကိုသာ ရွေးထုတ်၍ လေ့လာတင်ပြပါမည်။

စီးပွားရေးပိတ်ဆို့မှုကို နိုင်ငံခြားရေးမူဝါဒ၏ လက်နက်ကိရိယာ (Instrument of Foreign Policy)တစ်ခုအဖြစ် အသုံးပြုလေ့ရှိကြပါသည်။ ထိုသို့ အသုံးပြုခြင်းမှာလည်း ဒုတိယကမ္ဘာစစ်နောက်ပိုင်းစစ်အေးကာလမှစ၍ သိသိသာသာ ပိုမိုများပြားလာခဲ့ပြီး ယင်းတို့အနက် အများစုမှာ အမေရိကန်နိုင်ငံက ဆောင်ရွက်ခဲ့ခြင်းဖြစ်၏။

ယေဘုယျအားဖြင့် စီးပွားရေးပိတ်ဆို့မှုကို အင်အားကြီးသောနိုင်ငံက အင်အားငယ်သောနိုင်ငံအပေါ် ချမှတ်ဆောင်ရွက်ပြီး ပစ်မှတ်နိုင်ငံ၏ အပြုအမူ၊ မူဝါဒတစ်ရပ်ရပ်အား ပိတ်ဆို့သူနိုင်ငံ၏အလိုကျဖြစ်စေရန်အတွက်သော်လည်းကောင်း၊ အန္တိမရည်မှန်းချက်အနေဖြင့် ပိတ်ဆို့သူနိုင်ငံနှင့် အဆင်မပြေသော၊ ဆန့်ကျင်သော၊ အောက်ကျို့တပည့်ခံခြင်းမရှိသော ပစ်မှတ်နိုင်ငံ၏ အစိုးရပြုတ်ကျပြီး ၎င်းတို့အလိုကျ အစိုးရတစ်ရပ်နှင့် ပြောင်းလဲအစားထိုးရန် (Regime Change) အတွက်သော်လည်းကောင်း ပြုလုပ်လေ့ရှိကြသည်။

ထိုသို့ လုပ်ဆောင်ရာ၌ နည်းလမ်းအဖြစ် အတင်းအကျပ်ဖိအားပေးမှု(Coercion)ကို အသုံးပြုသည်။ အတင်းအကျပ် ဖိအားပေးမှုဆိုသည်ကို ပွင့်ပွင့်လင်းလင်းနှင့် ရှင်းရှင်းပြောရလျှင် ပစ်မှတ်နိုင်ငံမှ ပြည်သူများကို ငတ်ပြတ်ဆင်းရဲအောင် အတင်းအဓမ္မလုပ်ဆောင်ပြီး ယင်းပြည်သူတို့က လက်ရှိအစိုးရအပေါ် မကျေမနပ်ဖြစ်ကာ ဆူပူအုံကြွအောင် လုပ်ဆောင်မည်။ ပစ်မှတ်အစိုးရက ယင်းဆူပူမှုဒဏ်ကိုမခံနိုင်၍ ပြုတ်ကျလျှင်ပြုတ်ကျ၊ ပြုတ်မကျလျှင်လည်း ပိတ်ဆို့သူအလိုကျ လိုက်လျော အလျှော့ပေးစေရမည်ဟူသော အခြေခံသဘောတရားဖြစ်သည်။ လိုရင်းဆိုရလျှင် ပြည်သူကို အထိနာအောင်လုပ်ပြီးမှ အစိုးရကို ထိန်းချုပ်/ဖြုတ်ချမည့်သဘောပင်တည်း။ တစ်နည်းဆိုသော် သားသမီး၏လည်မျိုကို ဓားဖြင့်ထောက်၍ မိဘကို အကျပ်ကိုင်သည့် နိုင်ငံရေးပြန်ပေးဆွဲ အနိုင်ကျင့်မှု (Political Blackmail)ပင်ဖြစ်လေသည်။ ထို့ကြောင့် ပိတ်ဆို့မှုဟူသည် ပြည်သူနာမှ ထိရောက်နိုင်သည်။

သို့သော် ဤအခြေခံသဘော ထင်ရှားလှသော်လည်း ပိတ်ဆို့သည့်နိုင်ငံများကမူ မည်သည့်အခါမျှ ထိုသဘောတရားကို လူသိရှင်ကြား ထုတ်ဖော်လေ့မရှိပေ။ ယင်းအစား မိမိတို့၏ ပိတ်ဆို့မှုသည် ပစ်မှတ်နိုင်ငံမှ ပြည်သူလူထုကို မထိခိုက်ပါ။ **သို့မဟုတ် ထိခိုက်မှုအလွန်နည်းပါးသည်ဟု ဆိုလေ့ရှိကြသည်။ လူသားချင်းစာနာသူတို့က ပိတ်ဆို့မှုများသည် အပြစ်မဲ့ပြည်သူများနှင့် ကလေးသူငယ်များကို ဆိုးရွားစွာထိခိုက်စေကြောင်း (အီရတ်စစ်ပွဲနောက်ပိုင်း၌) ခိုင်ခိုင်မာမာလေ့လာဖော်ထုတ် သက်သေပြကန့်ကွက်လာကြသောအခါ ပိတ်ဆို့သူများက လေသံပြောင်းသွားပြီး မိမိတို့၏ပိတ်ဆို့မှုသည် ပစ်မှတ်ရွေးချယ် ပိတ်ဆို့မှုဖြစ်ပါသည်။ မသက်ဆိုင်သူများကို ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကြိုးစားထားပါသည်ဟု ဆိုကြပြန်သည်။ သို့ရာတွင် အထက်၌ဖော်ပြခဲ့သည့် ပိတ်ဆို့မှု၏ အခြေခံသဘောတရားအရ မည်သည့်ပိတ်ဆို့မှုမျှ ပြည်သူမနာလျှင် မထိရောက်နိုင်ပေရာ ယင်းတို့၏ ပစ်မှတ်ရွေးချယ် ပိတ်ဆို့မှုဟူသည်မှာလည်း "ကတ္တီပါအိတ်စွပ်ထားသော သံတုတ်"မျိုးသာ ဖြစ်လေ့ရှိပြီး တစ်နည်းနည်းဖြင့် ပြည်သူကို ထိခိုက်စေသည်သာဖြစ်ကြောင်း လေ့လာသူ ပညာရှင်များက ကောက်ချက်ချလေ့ရှိကြသည်။** ဤအချက်များကို ဆက်၍လေ့လာသွားပါမည်။

ပိတ်ဆို့မှုက မြန်မာပြည်သူများကို မည်မျှထိခိုက်၍ ပိတ်ဆို့သူအတွက် မည်မျှထိရောက်မှုရှိသနည်း

NLD ၏ စာတမ်းပထမအပိုဒ်၌ မေးခွန်းအချို့ပါရှိရာ ယင်းမေးခွန်းများကို အုပ်စုခွဲပါက ပိတ်ဆို့မှုကြောင့် မြန်မာပြည်သူများအပေါ် ထိခိုက်မှု ရှိ/မရှိ ဟူသောအချက်နှင့် ပိတ်ဆို့မှုက ပိတ်ဆို့သူ၏ရည်ရွယ်ချက်ကို ထိရောက်စွာ ဖြည့်စွမ်းနိုင်မှု(တစ်နည်း) ထိရောက်မှုရှိ/မရှိဟူသော အချက်ဟူ၍ အုပ်စုနှစ်စု ခွဲနိုင်ပါသည်။

အဆိုပါ မေးခွန်းအုပ်စုနှစ်စုနှင့်ပတ်သက်၍ ယင်းစာတမ်း၌ ပိတ်ဆို့မှုကြောင့် မြန်မာလူထုအပေါ် ထိခိုက်မှုမရှိ (သို့မဟုတ်) အနည်းအကျဉ်းရှိခဲ့သည့်တိုင်အောင် မဆိုသလောက်မျှသာဖြစ်သည်ဟု ကာကွယ်ပြောကြားထားပြီး ပိတ်ဆို့မှုသည် မည်မျှထိရောက်အောင်မြင်သည်ဟူသောအချက်ကို **"ဆင်ဇွေ့ရန်ရှောင်"** ပြုကာ ဖုံးဖုံးဖိဖိ လုပ်ထားသည်ကို တွေ့ရပါသည်။

ပိတ်ဆို့မှုကြောင့် မြန်မာလူထုအပေါ်ထိခိုက်မှု

ဤကိစ္စနှင့် ပတ်သက်၍ နိုင်ငံတကာပိတ်ဆို့မှုများ၏ ထိခိုက်သက်ရောက်မှုအပေါ် စနစ်တကျ လေ့လာထားသော အနောက်နိုင်ငံမှ ပညာရှင် ကျွမ်းကျင်သူပုဂ္ဂိုလ်တစ်စု၏အစီရင်ခံစာမှ ထုတ်နုတ်၍ တင်ပြလိုပါသည်။ NLD ၏ စာတမ်း၌ **"အများ၏ လေးစားမှုကို ခံယူရရှိပြီးဖြစ်သော ပညာရှင်အဖွဲ့တစ်ခုက စီးပွားရေးပိတ်ဆို့မှုများ၏ အကျိုးအပြစ်များကို လေ့လာဆန်းစစ်နိုင်မည်ဆိုပါလျှင် အဆိုပါဆွေးနွေးမှုများကို များစွာအထောက်အကူပြု အကျိုးရှိစေမည်ဖြစ်ပါသည်"** ဟူ၍ပါရှိရာ ယခုတင်ပြမည့် ပညာရှင်အုပ်စု၏ သဘောထားကို အလေးထားနိုင်လိမ့်မည်ဟု ယူဆပါသည်။

ယင်းပညာရှင်အုပ်စုမှာ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများ ချမှတ်ရာတွင် ပါဝင်သည့် ဗြိတိန်နိုင်ငံမှဖြစ်ပြီး သာမန်အနုညာတ ပုဂ္ဂိုလ်များမဟုတ်သကဲ့သို့ ယင်းတို့၏ လုပ်ငန်းတာဝန်မှာလည်း ဗြိတိသျှအစိုးရကို မူဝါဒရေးရာ အကြံပြုခြင်းဖြစ်ရာ မြန်မာအစိုးရအပေါ်၌ မျက်နှာလိုက်ခြင်း၊ ဘက်လိုက်ခြင်း မရှိနိုင်သကဲ့သို့ အစီရင်ခံစာ၏ သုံးသပ်ဖော်ထုတ်ချက်များ တိကျမှန်ကန် လေးနက်မှု တန်ဖိုးအပေါ်၌လည်း အငြင်းပွားဖွယ် ရှိမည်မထင်ပါ။

ယင်းအစီရင်ခံစာ၏ခေါင်းစဉ်မှာ "The Impact of Economic Sanctions" (စီးပွားရေးပိတ်ဆို့ပြဋ္ဌာန်းမှုများ၏ ထိခိုက်သက်ရောက်မှု)ဖြစ်ပြီး အီရတ်၊ အီရန်၊ မြောက်ကိုရီးယား၊ မြန်မာ၊ ကျူးဘား စသောနိုင်ငံများ၌ အနောက်အုပ်စု[...]
သည့် ပိတ်ဆို့မှုများ၏ ထိခိုက်သက်ရော[...]
လေ့လာ သုတေသနပြုထားသော အစီရင်ခံစ[...]

**အစီရင်ခံစာပြုစုသည့် အဖွဲ့အစည်း[...]
လွှတ်တော် စီးပွားရေးရာအထူးကော်မတီ ([...]
Slect Committee on Economic A[...]
ကော်မတီဥက္ကဋ္ဌမှာ Lord Wakeham[...]
Wakeham သည် ဗြိတိန်ဝန်ကြီးချုပ် မာဂရ[...]
စ၍ အောက်လွှတ်တော်အမတ် လူများစုခေါ်[...]
ဝန်ကြီး စသည့် နိုင်ငံရေး ရာထူးတာဝန်[...]
ထမ်းဆောင်ခဲ့သူဖြစ်ကာ အထက်လွှတ်[...]
လွှတ်တော်ဖွဲ့စည်းပုံ ပြုပြင်ပြောင်းလဲရေးကို[...]
ယုံကြည်စွာ တာဝန်ပေးခံခဲ့ရသူဖြစ်ရာ [...]
ဆိုဖွယ်ရာမရှိသူ ဖြစ်ပါသည်။ ယင်းကော်မ[...]
သည့် အထက်လွှတ်တော်အမတ် (၁၆)ဦး ပ[...]
ပညာရှင်ဖြစ်သည့် အရစ္စတိုးလ်တက္ကသိုလ်[...]
အီရစ်ဟာရင်း (Dr. Eric Herring) က[...]
ပညာရှင်အဖြစ် ထောက်ကူထားသည့်အတွ[...]
၌လည်း လစ်ဟာမှုမရှိဟု ဆိုနိုင်ပါသည်။**

ယင်းကော်မတီသည် လူပုဂ္ဂိုလ်သက်[...]
ကြီးများမှ ပါမောက္ခများ၊ ထင်ရှားသော နိုင်[...]
အငြိမ်းစားသံတမန်များ၊ ကုလသမဂ္ဂအရာ[...]
လုပ်ငန်းရှင်များ၊ ဘဏ်လုပ်ငန်းရှင်များ၊ [...]
လူသားချင်းစာနာမှုဆိုင်ရာ ကျွမ်းကျင်သူမျ[...]
ပရဟိတအဖွဲ့အစည်းများမှ တာဝန်ရှိသူများ စ[...]
ခန့်နှင့် စာရွက်စာတမ်းများ၊ အီးမေးလ် [...]
မေးမြန်းမှုများ ကျယ်ပြန့်စွာပြုလုပ်ခဲ့ပြီးမှ [...]
အကြောင်းအရာခိုင်လုံမှု၌လည်း အားကိုးအာ[...]

ယင်းကော်မတီ၏၂၀၀၇ခုနှစ် မေလ ([...]
သည့် အစီရင်ခံစာမှ အကျဉ်းချုပ်ကောက်ချ[...]
နိုင်ငံနှင့်ပတ်သက်၍ ဖော်ပြချက်အချို့ကို [...]
သည်။

**"In the case of Burma, S[...]
to be targeted but are neverthe[...]
in their impact to hurt the gen[...]**

အထက်ပါစာကြောင်းအား အလွတ်[...]
ဖော်ပြရမည်ဆိုပါက "မြန်မာနိုင်ငံကိစ္စတွင် ပ[...]
ပစ်မှတ်ရွေးချယ်ပြီးမှ ဆောင်ရွက်ခဲ့သည်[...]
လူထုတစ်ရပ်လုံးကို ထိခိုက်ခံစားရစေနိုင်လေ[...]
မှုများက ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်[...]
အသေးစိတ် တွေ့ရှိဖော်ထုတ်ချက်များကို သ[...]
ပေါ်တွင် ဤအစီရင်ခံစာကို အလွယ်တကူ ရ[...]

**မြန်မာနိုင်ငံကို ပိတ်ဆို့ထားမှုများသ[...]
အပေါ် အမှန်တကယ် ထိခိုက်သက်ရောက်[...]
ရှာမည်ဆိုလျှင် ခပ်ဝေးဝေး၌ ထပ်မံ၍ ရှာစ[...]
အပေါ် ပိတ်ဆို့ထားသည့် အနောက်နိုင်ငံမ[...]
တာဝန်ရှိသူများကိုယ်တိုင် ဝန်ခံထားပြီးဖြစ်ပ[...]**

၂၀၀၃ခုနှစ်တွင် အမေရိကန်နိုင်ငံက [...]
and Democracy Act ဖြင့် မြန်မာနိုင်ငံမှ [...]
ခဲ့မှုကြောင့် မြန်မာနိုင်ငံမှ အထည်ချုပ်စက်ရုံ [...]
ကာ အထည်ချုပ်အလုပ်သမအမျိုးသမီးငယ်[...]
လက်မဲ့ဖြစ်ခဲ့ရသည်။ မြန်မာနိုင်ငံသို့ ငွေကြေ[...]
ခဲ့မှုကြောင့်လည်း ငွေကြေးလွှဲပြောင်းပေးပို့[...]
ယင်းထိခိုက်မှုများနှင့်ပတ်သက်၍ အမေရိ[...]
နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ အမေရိ[...]
ဌာနမှ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ ဖျူရိုအ[...]
နိုင်ငံခြားရေးဝန်ကြီး Matthew P.Daley က[...]
ဘာလ (၂)ရက်နေ့တွင် ကြားနာထွက်ဆိုရာ[...]
**ယူမှုသည် မြန်မာနိုင်ငံ စီးပွားရေးကို ချက်[...]
သွားစေခဲ့ကြောင်း၊ အထူးသဖြင့် အမေရိက[...]
အမှီပြုနေရသော စက်မှုလုပ်ငန်းများကို ထိခို[...]
အလိပ်လုပ်ငန်းမှာ အဆိုးရွားဆုံး ထိခိုက်န[...]
ဘဏ္ဍာရေး ငွေကြေးဝန်ဆောင်မှုလုပ်ငန်းမျ[...]
စီးပွားရေးလုပ်ငန်းများ၊ အစိုးရဌာနများ၊ နိုင်[...]
မဟုတ်သော အဖွဲ့အစည်းများနှင့် ကုန်သွယ်[...]
လုပ်ရန်အတွက် အမေရိကန်ငွေကြေးစနစ်က[...]**

ထို့ကြောင့် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့်ပိတ်ဆို့မှုများကို ဖယ်ရှားသင့်ကြောင်း သဘောထားအမြင်ရှိသူများမှာ မြန်မာအစိုးရအာဏာပိုင်အဖွဲ့တစ်ခုတည်းသာမဟုတ်ဘဲ မြန်မာ့နိုင်ငံရေးအခြေအနေကို နီးနီးကပ်ကပ် လေ့လာသိရှိရသော ဒေသတွင်းအိမ်နီးချင်းနိုင်ငံများ၊ မြန်မာနိုင်ငံအတွင်း ဒေသအသီးသီး၊ တိုင်းရင်းသား လူမျိုးစုအသီးသီး၊ လူတန်းစား အလွှာအသီးသီး၊ နိုင်ငံရေးအမြင်အသီးသီးကို ကိုယ်စားပြုသော ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်နေကြသည်ဖြစ်ရာ ကျယ်ပြန့်သော အခြေခံ(Broad Based) ရှိသည့် အမြင်တစ်ရပ်ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ကျူးဘား စသောနိုင်ငံများ၌ အနောက်အုပ်စုနိုင်ငံများက ချမှတ်ထားသည့် ပိတ်ဆို့မှုများ၏ ထိခိုက်သက်ရောက်မှုများကို စနစ်တကျ လေ့လာ သုတေသနပြုထားသော အစီရင်ခံစာဖြစ်ပါသည်။

အစီရင်ခံစာပြုစုသည့် အဖွဲ့အစည်းမှာ ဗြိတိသျှအထက်လွှတ်တော် စီးပွားရေးရာအထူးကော်မတီ (House of Lords, Slect Committee on Economic Affairs) ဖြစ်ပြီး ယင်းကော်မတီဥက္ကဋ္ဌမှာ Lord Wakeham ဖြစ်ပါသည်။ Lord Wakeham သည် ဗြိတိန်ဝန်ကြီးချုပ် မာဂရက်သက်ချာလက်ထက်မှစ၍ အောက်လွှတ်တော်အမတ် လူများစုခေါင်းဆောင်၊ ဘဏ္ဍာရေးဝန်ကြီး စသည့် နိုင်ငံရေး ရာထူးတာဝန်များကို နှစ်ရှည်လများ ထမ်းဆောင်ခဲ့သူဖြစ်ကာ အထက်လွှတ်တော်၌လည်း အထက်လွှတ်တော်ဖွဲ့စည်းပုံ ပြုပြင်ပြောင်းလဲရေးကိစ္စ၌ ခေါင်းဆောင်အဖြစ် ယုံကြည်စွာ တာဝန်ပေးခံခဲ့ရသူဖြစ်ရာ အများလေးစားခံရမှု၌ ဆိုဖွယ်ရာမရှိသူ ဖြစ်ပါသည်။ ယင်းကော်မတီ၌ လူလေးစားခြင်းခံရသည့် အထက်လွှတ်တော်အမတ် (၁၆)ဦး ပါဝင်ခဲ့ပြီး ကျွမ်းကျင်သူပညာရှင်ဖြစ်သည့် အရစ္စတိုးလ်တက္ကသိုလ်မှ ပါမောက္ခဒေါက်တာ အီရစ်ဟာရင်း (Dr. Eric Herring) ကလည်း အထူးအကြံပေးပညာရှင်အဖြစ် ထောက်ကူထားသည့်အတွက် ပညာရပ်ပိုင်းဆိုင်ရာ၌လည်း လစ်ဟာမှုမရှိဟု ဆိုနိုင်ပါသည်။

ယင်းကော်မတီသည် လူပုဂ္ဂိုလ်သက်သေအဖြစ် တက္ကသိုလ်ကြီးများမှ ပါမောက္ခများ၊ ထင်ရှားသော နိုင်ငံတကာသုတေသီများ၊ အငြိမ်းစားသံတမန်များ၊ ကုလသမဂ္ဂအရာထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဘဏ်လုပ်ငန်းရှင်များ၊ လွှတ်တော်အမတ်များ၊ လူသားချင်းစာနာမှုဆိုင်ရာ ကျွမ်းကျင်သူများ၊ အစိုးရမဟုတ်သော ပရဟိတအဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုစုပေါင်း သုံးဆယ်နီးပါးခန့်နှင့် စာရွက်စာတမ်းများ၊ အီးမေးလ် တယ်လီဖုန်း စသည်ဖြင့် မေးမြန်းမှုများ ကျယ်ပြန့်စွာပြုလုပ်ခဲ့ပြီးမှ ပြုစုရေးသားခြင်းဖြစ်၍ အကြောင်းအရာခိုင်လုံမှု၌လည်း အားကိုးအားထား ပြုနိုင်ပါသည်။

ယင်းကော်မတီ၏၂၀၀၇ခုနှစ် မေလ (၉)ရက်နေ့တွင် ထုတ်ဝေသည့် အစီရင်ခံစာမှ အကျဉ်းချုပ်ကောက်ချက်(Abstract)၌ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဖော်ပြချက်အချို့ကို အောက်၌ ဖော်ပြလိုက်ပါသည်။

"In the case of Burma, Sanctions are said to be targeted but are nevertheless wide enough in their impact to hurt the general population"

အထက်ပါစာကြောင်းအား အလွတ်သဘော ဘာသာပြန်ဆိုဖော်ပြရမည်ဆိုပါက "မြန်မာနိုင်ငံကိစ္စတွင် ပိတ်ဆို့ပြဋ္ဌာန်းမှုများသည် ပစ်မှတ်ရွေးချယ်ပြီးမှ ဆောင်ရွက်ခဲ့သည်ဟု ဆိုသော်ငြားလည်း လူထုတစ်ရပ်လုံးကို ထိခိုက်ခံစားရစေနိုင်လောက်အောင် ယင်းပိတ်ဆို့မှုများက ကျယ်ကျယ်ပြန့်ပြန့် သက်ရောက်မှုရှိခဲ့သည်"ဟုဖြစ်၏။ အသေးစိတ် တွေ့ရှိဖော်ထုတ်ချက်များကို သိရှိလိုပါက အင်တာနက်ပေါ်တွင် ဤအစီရင်ခံစာကို အလွယ်တကူ ရှာဖွေကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံကို ပိတ်ဆို့ထားမှုများသည် မြန်မာပြည်သူလူထုအပေါ် အမှန်တကယ် ထိခိုက်သက်ရောက်စေခဲ့ကြောင်း သက်သေရှာမည်ဆိုလျှင် ခပ်ဝေးဝေး၌ ထပ်မံ၍ ရှာစရာမလိုပါ။ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ထားသည့် အနောက်နိုင်ငံများမှ နိုင်ငံခြားရေးဌာနတာဝန်ရှိသူများကိုယ်တိုင် ဝန်ခံထားပြီးဖြစ်ပါ၏။

၂၀၀၃ခုနှစ်တွင် အမေရိကန်နိုင်ငံက Burmese Freedom and Democracy Act ဖြင့် မြန်မာနိုင်ငံမှ သွင်းကုန်များကို ပိတ်ဆို့ခဲ့မှုကြောင့် မြန်မာနိုင်ငံမှ အထည်ချုပ်စက်ရုံ အများအပြား ပိတ်လိုက်ရကာ အထည်ချုပ်အလုပ်သမအမျိုးသမီးငယ်များ သိန်းနှင့်ချီ၍ အလုပ်လက်မဲ့ဖြစ်ခဲ့ရသည်။ မြန်မာနိုင်ငံသို့ ငွေကြေးလွှဲပြောင်းမှု ပိတ်ပင်ခဲ့မှုကြောင့်လည်း ငွေကြေးလွှဲပြောင်းပေးပို့မှုများ ထိခိုက်ခဲ့ရသည်။ ယင်းထိခိုက်မှုများနှင့်ပတ်သက်၍ အမေရိကန်အောက်လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ ဗျူရိုအကြီးအကဲ ဒုလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Matthew P.Daley က ၂၀၀၃ ခုနှစ် အောက်တိုဘာလ (၂)ရက်နေ့တွင် ကြားနာထွက်ဆိုရာ၌ **"ဤပိတ်ဆို့ အရေးယူမှုသည် မြန်မာနိုင်ငံ စီးပွားရေးကို ချက်ချင်းပင် ထိခိုက်ရှုပ်ထွေးသွားစေခဲ့ကြောင်း၊ အထူးသဖြင့် အမေရိကန်သို့ ပို့ကုန်များအပေါ် အမှီပြုနေရသော စက်မှုလုပ်ငန်းများကို ထိခိုက်စေခဲ့ကြောင်း၊ အထည်အလိပ်လုပ်ငန်းမှာ အဆိုးရွားဆုံး ထိခိုက်နစ်နာမှုဖြစ်စေခဲ့ကြောင်း၊ ဘဏ္ဍာရေး ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ပိတ်ပင်ခဲ့မှုကြောင့် စီးပွားရေးလုပ်ငန်းများ၊ အစိုးရဌာနများ၊ နိုင်ငံခြားသံရုံးများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကုန်သွယ်မှုလုပ်ရန်နှင့် ငွေပို့ငွေလွှဲလုပ်ရန်အတွက် အမေရိကန်ငွေကြေးစနစ်ကို မှီခိုနေရသည့် အခြား**

> **ဤနေရာ၌ ပိတ်ဆို့မှုသည် ကောင်းသော လုပ်ရပ်တစ်ခုဟုတ်သည် မဟုတ်သည်ကို ဝိဝါဒကွဲ၍ ငြင်းခုံကြရန်မရှိပါ။ လူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ လူအများကိုဖြစ်စေ စားဝတ်နေရေး၊ စီးပွားရေး အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများ၌ လုပ်ကိုင်ခွင့်မရအောင် အခက်အခဲ အကျပ်အတည်းဖြစ်အောင် ပိတ်ဆို့တားမြစ်တားဆီးထားခြင်းသည် မကောင်းသောအပြုအမူဖြစ်သည်ကို လူမှန်းသိတတ်စ ကလေးသူငယ်အရွယ်များပင်လျှင် နားလည်ကြပါသည်။**

လုပ်ငန်းများအားလုံးမှာ ရုတ်ချည်းပင် အကျပ်အတည်းဖြစ်ခဲ့ကြောင်း၊ အကြွေးဝယ်ကတ်နှင့် အမေရိကန်ဒေါ်လာ ခရီးသွားချက်လက်မှတ်များ သုံး၍မရတော့သည့်အတွက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၌လည်း ထိခိုက်မှုရှိခဲ့ကြောင်း" ဝန်ခံပြောကြားခဲ့သည်။

Mr. Daley က ဆက်လက်၍ ပြောကြားထွက်ဆိုခဲ့ရာတွင် **"ပိတ်ဆို့မှုသည် ကံဆိုးလှစွာပင် သာမန်ပြည်သူလူထုကိုလည်း ထိခိုက်စေခဲ့ကြောင်း၊ ယခု ဒုက္ခရောက်နေသော ပို့ကုန်လုပ်ငန်းများ အထူးသဖြင့် အထည်ချုပ်လုပ်ငန်းများ ဖျက်သိမ်းရမှုကြောင့် အလုပ်လက်မဲ့များ သိသိသာသာ တိုးပွားလာစေမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်း၌လည်းကောင်း၊ နယ်စပ်ကိုကျော်၍ ထိုင်းနှင့် တရုတ်နိုင်ငံတို့တွင်လည်းကောင်း၊ တရားမဝင် ဥပဒေမဲ့အလုပ်များကို ရှာဖွေရသူအရေအတွက် ရုတ်ချည်းတိုးမြင့်သွားနိုင်ကြောင်း၊ နိုင်ငံတကာ အစိုးရမဟုတ်သော ပရဟိတအဖွဲ့များ၏ စိုးရိမ်စွာပြောကြားမှုကို မှတ်သားမိပါကြောင်း၊ ပိတ်ဆို့မှုများစတင်သည့် ပထမလမှာပင် အထည်ချုပ်လုပ်ငန်းမှ အလုပ်အကိုင်ပေါင်း လေးသောင်းကျော် ဆုံးရှုံးသွားခဲ့ရသည်ဟု မိမိတို့ ခန့်မှန်းမိပါကြောင်း၊ ရေရှည်တွင် အထည်ချုပ်လုပ်ငန်းမှ စုစုပေါင်း အလုပ်အကိုင်တစ်သိန်းခန့် ဆုံးရှုံးဖွယ်ရှိပြီး ယင်းအလုပ်တွင် လုပ်ကိုင်နေခဲ့သူအများစုမှာ အမျိုးသမီးငယ်များဖြစ်ကြောင်း၊ ဤအမျိုးသမီးများ၏ ကံကြမ္မာနှင့်ပတ်သက်၍ အချို့သော ပရဟိတအဖွဲ့များ၏ စိုးရိမ်ပူပန်မှုများမှာ အမှန်ခိုင်မာမှုရှိကြောင်း ယုံကြည်ရသည့် အစီရင်ခံစာများကို ကျွန်ုပ်တို့ရရှိခဲ့ပြီး၊ ယင်းအမျိုးသမီးများအနက်မှ အချို့မှာ ငွေရလွယ်သော လိင်မှုနှင့် ဖျော်ဖြေရေးလုပ်ငန်းများသို့ ရောက်ရှိသွားခဲ့ကြောင်း"** ဝန်ခံခဲ့ပါသည်။

(ဤကိစ္စနှင့်ပတ်သက်၍ NLD ၏ စာတမ်း၌ မလွှဲသာ၍ ဝန်ခံခဲ့သော်လည်း ယခုအခါ ဘာမျှအရေးမကြီးတော့လေဟန်ဖြင့် ခပ်ဖော့ဖော့ ရေးသားထည့်သွင်းခဲ့ကြောင်း တွေ့ရပါ၏။ ယင်းအချက်များကို နောက်ပိုင်းတွင် ထပ်မံစိစစ် လေ့လာတင်ပြသွားပါမည်။)

သို့ဖြစ်ရာ ပိတ်ဆို့မှုများသည် မြန်မာပြည်သူလူထု အခြေခံလူတန်းစားများကို မည်သို့မည်ပုံ ထိခိုက်စေခဲ့သည်ကို အနောက်နိုင်ငံမှပညာရှင်များ၊ လူအများ လေးစားလောက်သည့်ပုဂ္ဂိုလ်များ၊ နိုင်ငံခြားရေးဌာနမှ တာဝန်ရှိသူများကိုယ်တိုင် ထုတ်ဖော်ခဲ့ပြီးဖြစ်၍ အနောက်ဘက်ကပြောမှ ယုံကြည်နိုင်သောသူများ လက်မခံလိုသည့်တိုင်၊ ငြင်းရခက်နေပေတော့မည်ဟု ထင်မိပါ၏။

(ဆက်လက်ဖော်ပြပါမည်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၂-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်၊ ရတနသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ဒုက္ခသစ္စာအနက်ဤလေးချက်** တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၁၄)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၁)
၈:၄၀	မွန်မြတ်သော အလှူကုသိုလ်ယူ… တော်ဝင်အောင်၏အလှူ
၈:၅၀	Activities in the City (Wash and Care Line Rentat and Commerical Laundry Service ဖွင့်ပွဲ)
၉:၀၀	အမက (၃) ဗဟန်း (မူလွန်) ကျောင်း၏ အာစရိယပူဇော်ပွဲ
၉:၂၀	MRTV-4 ကျန်းမာရေးကဏ္ဍ (သွားများဖြူဖွေးသန့်စင်အောင် ကုသနည်း)
၉:၄၅	Activities in the City တီ-မွေး-ကု တက္ကသိုလ် (ရန်ကုန်-ရေဆင်း) ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ
၁၀:၀၅	ချင်းတွင်းမှသည် ပန်းတိုင်ဆီသို့
၁၀:၂၀	The Champion Of Dance
၁၁:၀၅	Celebrity Choice (မေစံပယ်ညို)
၁၁:၃၀	ဂီတသမားတို့ရဲ့ ရင်ခုန်သံများ (ရင်ခုန်သံစည်းချက်များနဲ့ ပန်းမြို့တော်မှ ဂီတပွဲတော်) (Day-2)
၁၁:၄၅	MRTV- 4 ကာတွန်းအစီအစဉ်
၁၂:၁၀	စာအုပ်ပြခန်း (Marketing အမှားတွေပြင်ကြစို့)
၁၂:၄၀	သဒ္ဓါကြည်ဖြူကုသိုလ်ယူ ကျိုက်ထိုမဟာစည်ကျောင်းအလှူ
၁:၀၀	**ဒုက္ခသစ္စာအနက်ဤလေးချက်** တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
၂:၀၀	MRTV-4 သတင်း
၂:၂၀	FMF Selection
၂:၅၅	တိကျတဲ့ အချိန်တိုင်းအတွက်
၃:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၁၄)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၁)
၄:၄၅	မဟာဓမ္မရံသီအိမ်တော်ရာစေတီ၏ ခြိမ့်ခြိမ့်သဲဆင်နွှဲ ဗုဒ္ဓပူဇနိယပူဇော်ပွဲ
၅:၀၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၅:၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	ဗီဒီယိုပြခန်း
၆:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၁၅)
၇:၂၀	Emperor Love Cencert (Part-1)
၈:၀၀	MRTV-4 သတင်း
၈:၃၀	စကားနပန်း **မနာလိုဖြစ်တာ ကောင်းတယ်၊ မနာလိုမဖြစ်တာ ကောင်းတယ်**
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၂)
၁၀:၁၀	Sunday Talk [မောင်လူမွေး (မြန်မာမှု)၊ မျိုးမြတ်သူ]
၁၀:၄၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ **မိန်းမယူမယ်ဆိုရင် စဉ်းစားဖို့လိုမယ်**
၁၁:၀၅	အနုပညာမိုးကောင်းကင်
၁၁:၂၅	မြန်မာ့အိုး
၁၁:၃၅	International Show Biz
၁၁:၅၀	ဝိရောဓိ Contra
၁၁:၅၅	ဈေးဝယ်လမ်းညွှန် (ဖူးပွင့်ဝေ Fashion Shop)
၁၂:၀၅	ဆေးဖက်ဝင် ကွဲကောပင်၏ အာဟာရတန်ဖိုးများအကြောင်း
၁၂:၁၅	သံစဉ်များကိုထုဆစ် အလှဆင်သူများ (Pro Studio)
၁၂:၅၀	ငှက်ဖျားတိုက်ဖျက်ရေးအကြောင်း သိကောင်းစရာ (ပါမောက္ခ ဒေါက်တာချစ်စိုး၊ ဒေါက်တာခိုင်ခိုင်ရှိန်)
၁:၁၅	ပြီးပြည့်စုံသော အလှတရားအတွက် Angel Fitness Center
၁:၃၀	မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်အကြောင်း သိကောင်းစရာ (ဒေါက်တာချာလီသန်း၊ မောင်ကြင်နှာ၊ ထွန်းနေစိုး)
၂:၁၅	စုပေါင်းဆင်နွှဲ မန္တလာမြေရဲ့ခြင်းပွဲ
၂:၃၅	ပတ္တမြားမြေမှ လေ့လာဖွယ်ရာများနှင့် တစ်မူထူးခြားထာပွဲများ
၂:၅၅	ပြင်ဦးလွင်သို့အလည်တစ်ခေါက်
၃:၀၅	ကဏ္ဍာစုံလင်အားကစားအစီအစဉ်
၄:၀၅	ဒေဝီစေခိုင်း သမင်လိုက်ခန်းနှင့် ကျေးလက်ကကွက် လွန်စွဲမက်
၄:၁၅	ကျန်းမာလှပတဲ့ဘဝပိုင်ဆိုင်ဖို့ ယောဂကျင့်စဉ်ကျင့်ကြစို့
၄:၄၀	ခရီးတစ်ထောက်နားခိုစရာ
၄:၄၅	ထင်ရှားတည်ရှိမြင်းမထိ
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၄	Fulham- Chelsea	ESPN(Live)

❖ *ကျောဖုံးမှ*

အဆိုပါ ဂြိုဟ်များ၏ မျက်နှာပြင်ပေါ်တွင် ရေများကို တွေ့ရှိရသဖြင့် လူနေထိုင်ရန် သင့်လျော်သော ဂြိုဟ်များဇုန် (Habitable Zone) အဖြစ် ခေါ်ဆိုကြခြင်း ဖြစ်သည်။ ယင်းဇုန်အတွင်းအသစ်တွေ့ရှိခဲ့သောဂြိုဟ်ပေါင်း ၅၄ လုံး ရှိသွားပြီဖြစ်ကြောင်း သိရသည်။ ယင်းဂြိုဟ်များအနက် ယခု တွေ့ရှိသည့် ဂြိုဟ်ကြီးခြောက်လုံးမှာ ကမ္ဘာ့ဂြိုဟ် အရွယ်အစားဝန်းကျင်ရှိပြီး ၄င်းတို့ အနက် ငါးလုံးမှာ ကမ္ဘာဂြိုဟ်နှင့် နီးပါးတူကြောင်း နာဆာက ထုတ်ဖော်ပြောကြားသည်။ ကျန် ၄၉ လုံး အနက် နှစ်လုံးမှာ ကမ္ဘာထက်ကြီးသည်ဟု ဆိုသည်။ ယင်းဂြိုဟ်နှစ်လုံးမှာ ဂျူပီတာဂြိုဟ်ထက်ပင်ကြီးသည်ဟု လော့စ်အိန်ဂျလိစ်မြို့ရှိ ဂျေပီအယ်လ်ဌာနချုပ်က ပြောကြားသည်။

တွေ့ရှိခဲ့

အဆိုပါ ဂြိုဟ်ကြီးခြောက်လုံးမှာ နေနှင့်တူသော ကြယ်ကြီးတစ်လုံးကို လှည့်ပတ်နေကြောင်း နာဆာ ဂြိုဟ်တု Kepler-11 က တွေ့ရှိခဲ့သည်။ နေအဖွဲ့အစည်းအပြင်ဘက်၌ ကြီးမားသောနေနှင့်တူသည့် ကြယ်ကို လှည့်ပတ်နေသည့် ဂြိုဟ်များအုပ်စုကို ပထမဆုံး တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ပြောကြား

အဆိုပါ Kepler - 11 ဂြိုဟ်တုမှ တွေ့ရှိခဲ့သော ဂြိုဟ်ပေါင်း ယခုအခါ ၁၂၀၀ ကျော် ရှိသွားပြီဖြစ်သည်။ ယင်းတို့အနက် ကမ္ဘာမြေအရွယ်အစား ၆၈ လုံး၊ ကမ္ဘာမြေထက်ကြီးသော ဂြိုဟ် ၂၈၈ လုံး၊ နက်ပကျွန်းဂြိုဟ် အရွယ်အစား ၆၆၂ လုံး၊ ဂျူပီတာဂြိုဟ်အရွယ်အစား ၁၆၅ လုံးနှင့် ဂျူပီတာ ဂြိုဟ်ထက်ကြီးသော ဂြိုဟ်မှာ ၁၉ လုံး ရှိသွားပြီဖြစ်ကြောင်း နာဆာက ပြောကြားသည်။

ခန့်မှန်းတင်ပြ

ယင်းဂြိုဟ်တုမှာ ၂၀၀၉ ခုနှစ် မေ ၁၂ ရက်မှစ၍ ၄င်းဂြိုဟ်များကို လေ့လာတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ၄င်းဂြိုဟ်တု၏ မြင်ကွင်းတွင် အခြား ကြယ်အလုံးပေါင်း ၁၅၆၀၀၀ လုံးကိုလည်း မြင်တွေ့ရသည်ဟု ဆိုသည်။ ယင်းဂြိုဟ်နှင့် ကြယ်တာရာများသည် ကောင်းကင်ယံတွင် တွေ့ရသည့် ကြယ်တာရာများအနက် လေးရာပုံ တစ်ပုံခန့်သာရှိကြောင်း နာဆာမှ ခန့်မှန်းတင်ပြထားသည်။

ကိုးကား-အင်တာနက်

အောက်ပိုင်းဒေသများ၌ ညအပူချိန်တိုးလာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မန္တလေးတိုင်းဒေသကြီးတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဖေဖော်ဝါရီ ၁၄ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ရှေ့ဖုံးမှ

ပညာပေးဟောပြောခြင်းနဲ့ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းတွေကို အရှိန်အဟုန်မြှင့်ပြီး ကြိုးစားဆောင်ရွက်နေပါတယ်။ ဟောပြောပွဲတက်ရောက်လာတဲ့ သူတွေကိုလည်း မီးသတ်ဆေးဘူးတွေနဲ့ လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်မှုတွေ စဉ်ဆက်မပြတ် ပြုလုပ်နေပါတယ်''ဟု ဦးသင်းဋ္ဌေးရွှေက ရှင်းပြသည်။

''မီးဘေး ကြိုတင်ကာကွယ်မှုတွေအနေနဲ့ ကျွန်တော်တို့စုပေါင်းအဖွဲ့တွေဟာ ရပ်ကွက်အလိုက် တစ်အိမ်တက်ဆင်း စစ်ဆေးမှုတွေ ပြုလုပ်နေပါတယ်။ ရပ်ကွက်၊ ဌာနဆိုင်ရာ၊ ဈေး၊ စားသောက်ဆိုင်၊ စက်ရုံအလုပ်ရုံ၊ ဟိုတယ်နဲ့ စာသင်ကျောင်းတွေမှာပါ စစ်ဆေးမှုတွေ ပြုလုပ်နေပါတယ်။ မီးလောင်မှုအသိ ပညာပေး ဆလိုက်ရှိုး ပြသမှုတွေအပြင် မီးသတိပေးဆော်ဩမှုတွေလည်း အကြိမ်ကြိမ် ပြုလုပ်နေပါတယ်။ မီးလောင်မှုတွေအများစုဟာ လူတွေနဲ့ဆိုင်ပြီး လူတွေရဲ့ပေါ့ဆမှုကြောင့် ဖြစ်ပွားတာမို့ အကြိမ်ကြိမ် သတိပေးမှုတွေ ပြုလုပ်နေရတာပါပဲ''။

''ပညာပေးမှုတွေ၊ စစ်ဆေးမှုတွေ မပြတ်တမ်း ပြုလုပ်နေပါတယ်''

ဦးသင်းဋ္ဌေးရွှေ
ဒုတိယညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီး
မီးသတ်ဦးစီးဌာန။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၀ခုနှစ်က မီးလောင်မှုအကြိမ် ၁၃၀ ဖြစ်ပွားခဲ့ရာ အများစုမှာ ပေါ့ဆမှုကြောင့်ဟု ဆိုရမည်ဖြစ်ပြီး လူပေါင်းများစွာ၊ အိုးအိမ်နှင့် ဥစ္စာပစ္စည်းများစွာ ဆုံးရှုံးခဲ့ရသည်။ ရန်ကုန်တိုင်းဒေသကြီး အတွင်း နှစ်အလိုက် မီးလောင်မှုအခြေအနေကို လေ့လာကြည့်ရာတွင် ၂၀၀၀ ပြည့်နှစ်တွင်၂၆၈ ကြိမ်၊ ၂၀၀၁ ခုနှစ်တွင် ၂၇၉ ကြိမ်၊ ၂၀၀၂ ခုနှစ်တွင် ၃၂၁ ကြိမ်၊၂၀၀၃ခုနှစ်တွင် ၃၀၁ ကြိမ်၊ ၂၀၀၄ ခုနှစ်တွင် ၄၃၂ ကြိမ်၊ ၂၀၀၅ ခုနှစ်တွင် ၂၈၆ ကြိမ်၊ ၂၀၀၆ ခုနှစ်တွင် ၂၈၇ ကြိမ်၊ ၂၀၀၇ ခုနှစ်တွင် ၂၅၇ ကြိမ်၊ ၂၀၀၈ ခုနှစ်တွင် ၁၆၁ ကြိမ်၊ ၂၀၀၉ ခုနှစ်တွင် ၁၂၇ ကြိမ်၊ ၂၀၁၀ ခုနှစ်တွင် အကြိမ် ၁၃၀ ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ ထို့ကြောင့် ၂၀၀၉ ခုနှစ်က မီးလောင်မှု ၁၂၇ ကြိမ်နှင့် ၂၀၁၀ ခုနှစ်က အကြိမ် ၁၃၀ တို့ကို နှိုင်းယှဉ်လျှင် သုံးကြိမ်ခန့်သာ ပိုမိုခဲ့သဖြင့် သိသိသာသာ တိုးတက်ခြင်းမရှိကြောင်း တွေ့ရသည်။ သို့သော် ၁၀ နှစ်တာ ကာလ ၂၀၀၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်လျှင် ၂၀၁၀ခုနှစ်၌ မီးလောင်မှု ထက်ဝက် လျော့ကျခဲ့သည်။

ချိတ်ဆက်ထား

''မီးလောင်မှု ဖြစ်ပွားပြီဆိုရင် မြန်မြန်သိနိုင်အောင် ဆက်သွယ်ရေးစက်တွေ၊ တယ်လီဖုန်းတွေကောင်းမွန်အောင်ဆောင်ရွက်ထားပြီး သတင်းလက်ဦးမှုရရှိစေရေးအတွက် အရန်မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အာဏာပိုင်အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ထားပါတယ်။ မီးသတ်ယာဉ်တွေ မြန်မြန်သွားရောက်နိုင်ရေး အသင့်ဖြစ်စေဖို့ ယာဉ်ကြံ့ခိုင်မှုတွေ အမြဲစစ်ဆေးပြင်ဆင်ထားပြီး လူ၊ ယာဉ်၊ လောင်စာဆီနဲ့ ရေတွေအသင့် ဖြစ်စေအောင် ဆောင်ရွက်ထားကာ မီးလောင်မှု သတင်းရတာနဲ့ ချက်ချင်း မောင်းထွက်နိုင်အောင်လည်း စီစဉ်ထားပါတယ်။ မြန်မြန်သွားရောက်နိုင်ရေး အတွက်ပေါ့။ မီးမြန်မြန် ငြိမ်းသတ်နိုင်ရေးအတွက် မီးလောင်မှုကိုကြည့်ပြီး လိုအပ်တဲ့ မီးသတ်ယာဉ်အရေအတွက်ရရှိအောင် အမြန်ဆုံးဆောင်ရွက်ကာ အချိန်တိုအတွင်း မီးငြိမ်းသတ်နိုင်အောင် စီစဉ်ထားပါတယ်''ဟု ဦးသင်းဋ္ဌေးရွှေက ဆက်လက်ရှင်းပြသည်။

အသင့်ရှိ

မီးငြိမ်းသတ်ရန်အတွက် လုံလောက်သော ယာဉ်အရေအတွက် ရရှိရေး ရန်ကုန်တိုင်းဒေသကြီးအတွင်းကြိုတင်စီစဉ်မှုများ ပြုလုပ်ထားမှုကိုလည်း ကျောက်တံခါးမြို့နယ် မီးသတ်တပ်ဖွဲ့မှူး ဦးစိုးဝင်းက ''မီးလောင်ပြီဆိုတာနဲ့ မီးသတ်ယာဉ်လေးစီး ချက်ချင်းထွက်နိုင်အောင် အသင့်ရှိနေပါတယ်။ မီးလောင်မှုအနေအထားကိုကြည့်ပြီး လိုအပ်ရင် ထိစပ်နယ်မြေတွေက ချက်ချင်းထွက် မီးသတ်ယာဉ်အုပ်စုက မီးသတ်ယာဉ်ရှစ်စီး၊ ချက်ချင်းအကူမီးသတ်ယာဉ် ၁၅ စီး၊ တိုင်းအကူမီးသတ်ယာဉ် ၂၃ စီး၊ ဌာနချုပ် အကူမီးသတ်ယာဉ် ၃၆ စီး စုစုပေါင်း မီးသတ်ယာဉ် ၈၆ စီးနဲ့ မီးငြိမ်းသတ်နိုင်အောင်စီစဉ်ပြင်ဆင်ထားပါတယ်''ဟု ဖြည့်စွက်ရှင်းပြသည်။

သတိရှိစွာ

လူမှုဘဝနေထိုင်မှုပြောင်းလဲလာပြီး ခေတ်မီတိုးတက်လာသည်နှင့်အမျှ ခေတ်မီအိမ်အသုံးအဆောင် လျှပ်စစ်ပစ္စည်းများ သုံးစွဲလာခဲ့ရာ လျှပ်စစ်မီးသုံးစွဲမှုစနစ်မကျခြင်းကြောင့် မီးလောင်မှုပိုမိုဖြစ်ပွားလာခြင်းလည်းပါဝင်သည်။ လျှပ်စစ်ဓာတ်အားသုံးပစ္စည်း များများသုံးစွဲသည်နှင့်အမျှ လူတို့ပေါ့ဆပါက မီးလောင်မှုများ ပိုမိုဖြစ်ပွားလေ့ရှိသဖြင့်လူတစ်ဦးချင်း သတိရှိစွာဖြင့် မီးကိုသုံးစွဲပါမှ မီးလောင်မှုများ လျော့ကျကာ မီးဘေးအန္တရာယ်မှ ကင်းဝေးနိုင်မည်ဖြစ်ရာ မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မီးသတ် တပ်ဖွဲ့များ ကြိုတင်လေ့ကျင့်မှု ပြုလုပ်ကြစဉ်။

မီးသတ်တပ်ဖွဲ့ဝင်များ ကြိုတင်လေ့ကျင့်ပြင်ဆင်မှုကို ဤသို့တွေ့ရသည်။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ချောင်းသာ ရွှေသာယာမြို့မဈေး မီးဘေးလုံခြုံရေးအတွက် ဖေဖော်ဝါရီ ၆ရက်က ရွှေသောင်ယံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့နယ်တာဝန်ခံနှင့်မီးသတ်တပ်ဖွဲ့ဝင်များ ဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ရမ်းဗြဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရမ္မာဝတီမြို့မဈေးအတွင်း ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ခြင်းသရုပ်ပြလေ့ကျင့်မှုကို ဇန်နဝါရီ ၃၀ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သူ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းခင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်အနီးရှိ သစ်စက်၌ ဇန်နဝါရီ ၂၄ ရက်က ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ပြည်ခရိုင်မန်နေဂျာ ဦးတင်ဝင်း-၆ စက်ရုံမီးဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ပုသိမ်မြို့နယ် ရွှေပြည်သာဈေး မီးဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်ဆောင်ရွက်မှုကို ဇန်နဝါရီ ၂၃ ရက်က ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနတိုင်းဦးစီးမှူး ဦးကြည်မြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဂန့်ဂေါမြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၂၆ ရက်က ဥက္ကဋ္ဌ ဦးကျော်ခိုင် ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကန်ဒိုလျှံတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စောင့်ကြည့်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၃

ရန်ကုန်တိုင်းဒေသကြီးအတွင်း လမ်းပိုင်း၂၀၀ကျော်ကို ပုဂ္ဂလိက ကုမ္ပဏီများအား လွှဲပြောင်းလုပ်ခွင့်ပြုပြီ၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်းမှ ထုတ်ချေး ငွေနှုန်းများလာသဖြင့် ငွေချေးသူများပြားလာ၊ အခြေခံပညာ (၈)တန်း အောင်မြင်ပြီးလျှင် Myanmar Noble College သို့ တက်ရောက်ခွင့်ရမည်၊ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲ အိမ်နီးချင်းလေးနိုင်ငံ ပါဝင်ပြသမည်၊ ရန်ကုန် တောင်ဥက္ကလာပမြို့နယ်တွင် နိုင်ငံတကာ အဆင့်မီ ဂန္ဓမာလက်ကားဈေးကြီး ဖွင့်လှစ်မည်၊ မော်တင်စွန်းဘုရားပွဲသို့ မော်တော်ယာဉ် တိုက်ရိုက်ပြေးဆွဲမည်၊ ကိုကိုးကျွန်းတွင် နေရောင်ခြည်သုံး ဆိုလာစနစ် တယ်လီဖုန်းများ သုံးနိုင်ပြီ၊ ရခိုင်ပြည်နယ် ဂီရိမုန်တိုင်းသင့်ဒေသသို့ ငွေကျပ်သိန်း ၁၆၀၀ ကို ရခိုင်သဟာယအသင်းက ပေးအပ်လှူဒါန်း၊ မြန်မာပြည်သို့ ထိုင်းခရီးသည် အများဆုံးလာရောက်၊ ဗီယက်နမ်များလည်း ထူးထူးခြားခြား အများအပြားလာ၊ သဃ်န်းကျွန်းမြို့နယ် မီးလောင်မှုဖြစ်ပွား အိမ်၁၅လုံးလောင်ကျွမ်း၊ ဆရာပါရဂူရေးသည့် တဂိုး၏ဝတ္ထုများအကြောင်း၊ မောင်သန်းဆွေ (ထားဝယ်) ၏ ဗြိတိသျှထီးနန်းကို ဆက်ခံမည့်သူ၊ ဒေါက်တာ အောင်ခင်ဆင့်၏ စာရေးဆရာ ဘဝ၊ လူထုစိန်ဝင်း၏ လူတွေ အကြောင်းရေးမှ လူတွေဖတ်မှာပေါ့ စသည့် ဆောင်းပါးကောင်းများ၊ အိန္ဒိယမှာ ငွေကြေးဖောင်းပွမှု၊ ကန်နှင့် ရုရှား နျူကလီးယားစာချုပ် သဘောတူ၊ တရုတ်နှင့်ဂျပန် ပြန်လည်ဆက်သွယ်မည်၊ တောင်ပိုင်း ဆူဒန်တိုက်ခိုက်မှု စသည့် ဝမ်းသာစရာ၊ ဝမ်းနည်းစရာ၊ စိတ်ပျက်စရာ လောကဓာတ်ခံ့ အဖုံဖုံသော သတင်းများဖြင့် News Watch (စောင့်ကြည့်) သတင်းဂျာနယ် အတွဲ(၆)၊ အမှတ် ၃၁ ထွက်လာသည်။ **(သတင်းစဉ်)**

လူမှုဒုက္ခဝေးလိုက စဉ်ပမီးဘေး ကာကွယ်ပေး

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးတင်ထွန်း-(ဒေါ်တုတ်တုတ်)မိုးကုတ် တို့၏သား
မောင်တင်အောင်ထွန်း
B.E(Mechanical)
Singapore Acrylic Acid Pte.,Ltd.
နှင့်
ရန်ကုန်မြို့နေ (ဒေါက်တာခင်မောင်ဝင်း)မေ့ဆေးဆရာဝန်ကြီး(ငြိမ်း)၊
ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး-ဒေါ်ခင်ခင်ဖြူ တို့၏သမီး
မမြဝင်းဖြူ
B.Econ(Stats),D.A(U.K)
Dip in Computerize Accounting
A.C.C.A(Part-1)
Swift Personnel Pte.,Ltd.(Singapore)

တို့၏ ၆-၂-၂၀၁၁ရက်တွင် Traders Hotel (Mingalar Ballroom) ၌ ကျင်းပပြီးစီးခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာပန်းကုံး ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်မှူးကြီးဘဏ်ဝင်း(ငြိမ်း)နှင့်ဇနီး ဒေါ်မော်လီတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော သမားတော်ကြီးဒေါက်တာကြည်စိုးနှင့် ဇနီး ဒေါ်သီတာအေးတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးနှင့် တေးသီချင်း သီဆိုဧည့်ခံပေးပါသော First Music Agency အဖွဲ့သားများ၊ မှတ်တမ်းတင်ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပေးပါသော အကိုင်းနှင့် အဖွဲ့သားများ၊ ဆံပင်နှင့်မိတ်ကပ် အလှပြင်ဆင်ပေးသောကိုမာနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဖန်တီးပေးပါသော မမြင့်မြင့်ရီနှင့်အဖွဲ့၊ မင်္ဂလာပန်းကြံပေးသော မမြတ်ပန်းအိစံ၊ မင်္ဂလာပန်းကုံး ကိုင်ဆောင်ပေးပါသော မမြတ်သဥ္ဇာထွန်း၊ သတို့သားအရံ ဒေါက်တာကျော်ဇေ၊ သတို့သမီးအရံ ဒေါက်တာစုစုအောင်၊ Traders Hotelမှ ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်တင်အောင်ထွန်း-မမြဝင်းဖြူ။

River Art

(နွေရာသီ ပန်းချီသင်တန်း)
(၅နှစ်မှ ၁၄ နှစ်အထိ)
အမှတ် ၂၇၊ လေးလွှာA၊ ဦးထွန်းလင်းခြံလမ်း
ကမာရွတ်(လှည်းတန်းမီးပွိုင့်အနီး)
Art Teacher-Hla Thida Win (Ph-09-50-91873)
မတ်လ ၅ရက်နေ့ ဖွင့်မည်။

MEDIA GROUP

INTERNET

Vehicle Tracking System



Toner Refill Service
Colour Laser Toner Cartridges
COLOUR CARE BUSINESS GROUP
01-524956,01-73081062

Sri Asia
The Best Entrance To Visit
SRI ASIA TOUR
☎: 227703, 227702 , 220089 , 2250151

Yes!! English School
Always say "Yes!!" to English
4 skill English classes
★ Basic
★ Elementary
★ Intermediate
★ Advanced
★ IELTS , TOEFL(iBT), SAT
Starting in February 9,13,16,19,20,23
Ph : 511778 01-73033648

သင့်သွေးဖြင့်အသက်ကယ်ပါ

Business Information SMS Service

အားကစား ဖောင်ပိတ်သတင်း

ဘော်လ်တန် အိမ်ကွင်း၌နိုင်ပွဲရ

လန်ဒန် ဖေဖော်ဝါရီ ၁၃

ပရီမီယာလိဂ်ပွဲစဉ် (၂၇) လက်ကျန်ပွဲအဖြစ် ဖေဖော်ဝါရီ ၁၃ ရက်က ယှဉ်ပြိုင်ကစားရာ ဘော်လ်တန်အသင်းက အိမ်ကွင်း၌ အဲဗာတန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ရမှတ်သုံးမှတ် ထိုက်ထိုက်တန်တန်ရယူနိုင်ခဲ့သည်။ ဘော်လ်တန်အသင်းအတွက် ဇက်ကနိုက်က ပွဲစပြီး ၁၀ မိနစ်အကြာ ခေါင်းတိုက်ဂိုးဖြင့် သွင်းယူခဲ့သည်။ ဒုတိယဂိုးကို ၆၇ မိနစ်တွင် ချယ်လ်ဆီးမှအငှားခေါ်ယူထားသော စတာရစ်က ကန်သွင်းယူခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စားကြွင်းစားကျန်များ စည်းကမ်းတကျစွန့်ပစ်စေချင်

စာတည်းခင်ဗျား-

မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် ၁၁၉ လမ်းရှိ ဒံပေါက်ဆိုင်တစ်ဆိုင်မှ စားကြွင်းစားကျန်များ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

၁၁၉ လမ်းသား

စားသောက်ဆိုင်မှဆောင်းဘောက်သံ နားမခံနိုင်

စာတည်းခင်ဗျား-

မုဒုံမြို့ မြို့မ(၂)ရပ်ကွက် ရှင်စောပုလမ်းမနှင့် အမှတ်(၁)ရှင်စောပုလမ်းသွယ်ထောင့်ရှိ စားသောက်ဆိုင်မှ ဆောင်းဘောက်ဖြင့် သီချင်းများ ညအချိန်မတော် ကျယ်လောင်စွာဖွင့်ခြင်းကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်လျက်ရှိရာ အဆိုပါစားသောက်ဆိုင်ကို လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

မုဒုံသားတစ်ဦး

စည်းကမ်းမဲ့ဈေးသည်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၄) ဈေးကြီးလမ်းရှိ အိမ်ဥပစာများ ရှေ့တွင် ပိတ်ဆို့ရောင်းချနေသော ကျူးကျော်ဈေးသည်များကြောင့် ရပ်ကွက်ညစ်ညမ်းပြီး ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် အဆိုပါ ကျူးကျော်ဈေးသည်ကိုဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ဈေးသည်များ စနစ်တကျရောင်းချစေလို

စာတည်းခင်ဗျား-

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် မြို့မဈေး အရှေ့ပတ်လမ်းတွင် ဈေးသည်များသည် သတ်မှတ်ထားသောဈေးအတွင်း မရောင်းချဘဲ လမ်းမပေါ် ကျူးကျော်ပြီး သားငါးများ ရောင်းချနေပါသဖြင့် လမ်းများပိတ်ဆို့သည့်အပြင် စွန့်ပစ်အမှိုက်များမှ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်လျက်ရှိရာ အဆိုပါ ဈေးသည်များအား စနစ်တကျရောင်းချနိုင်ရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

မြို့မဈေးလမ်းသားတစ်ဦး

လောင်စာဆီကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းခင်ဗျား-

သဃ်န်းကျွန်းမြို့နယ် ၁၆/၃ ရပ်ကွက် အမက(၂၈) ကျောင်းဝင်းအနောက်ဘက်တွင် မော်တော်ကားဘော်ဒီရုံ၊ စက်ပြင်ဆိုင်၊ ဘီလိယက်ခုံနှင့် သစ်ဆိုင်တို့ကို တရားမဝင်ဖွင့်လှစ်ထားသည်မှာ ကြာမြင့်ပြီဖြစ်ရာ ယခုအခါ လောင်စာဆီများကိုပါ သိုလှောင်ရောင်းချခြင်းများ ထပ်မံပြုလုပ်လာပါသဖြင့် မီးဘေးစိုးရိမ်ရပါသောကြောင့် သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းရှင်-

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ယင်းတော်ရွာမအတွင်း အမှတ်(၁)ရပ်ကွက်၌ ပုဂ္ဂလိကအမဲသားဆီသွတ်ရုံတစ်ရုံမှ နေ့စဉ်၊ ညစဉ် အသားကြော်အညော်နံ့များနှင့် ရေမြောင်းများအတွင်း သွန်ချသော ရေဆိုး ရေပုပ်များ၊ အညစ်အကြေးများစွန့်ပစ်ခြင်းမှ ထွက်ပေါ်လာသော အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်နေရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူ

ပဲကြော်လုပ်ငန်း ပိတ်သိမ်းပြီးဖြစ်

၂၅-၁-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **ပဲကြော်လုပ်ငန်းပြောင်းရွှေ့ပေးပါ** ပေးစာနှင့်ပတ်သက်၍ ပဲခူးမြို့နယ် ဥသျှောမြို့သစ်ရပ်ကွက်ကြီး(ဂ) နာဂဝန်(၄)လမ်းရှိ ပဲကြော်လုပ်ငန်းကို ပိတ်သိမ်းပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ပန်းပဲသံဂဟေလုပ်ငန်းပိတ်သိမ်းပြီးဖြစ်

၂၇-၁၂-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **ရပ်ကွက်တွင်းမှ သံဂဟေလုပ်ငန်းဖယ်ရှားပေးစေလို** ပေးစာနှင့်ပတ်သက်၍ ပိတ်သိမ်းရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ပုံကျဈေးသည်များ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်

၂၅-၁-၂၀၁၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **ကျိုက်လတ်မြို့ ပုံကျဈေးသည်များကြောင့် လမ်းများပိတ်ဆို့နေ** ပေးစာနှင့်ပတ်သက်၍ ၃၁-၁-၂၀၁၁ ရက်တွင်ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ငပုတောမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူးဗိုလ်မှူးချုပ်တင်မောင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၃

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းသည် ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက ငပုတောမြို့နယ် အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး တာဝန်ရှိသူများ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များ တင်ပြမှုကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ငရုတ်ကောင်းတောင်-ငရုတ်ကောင်းမြို့၌ လမ်းလုပ်ငန်းဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းတစ်လျှောက် ရော်ဘာစိုက်ခင်းများ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူးသည် ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းတွင် ကန်ကြီးထောင့်မြို့နယ် ကွင်းယားကျေးရွာရှိ စိုက်ခင်းများ ရှင်သန်ဖြစ်ထွန်းမှုအခြေအနေများနှင့် ဆီထွက်သီးနှံများပြသထားမှု၊ စုပေါင်းမြေဩဇာကြဲပက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)**

(သတင်းစဉ်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ကျိုင်းတုံ၌ သင်တန်းဖွင့်

ကျိုင်းတုံ ဖေဖော်ဝါရီ ၁၃

၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၅ရက် နံနက် ၉ နာရီက ကျိုင်းတုံမြို့ ကျိုင်းတုံဟိုတယ်သစ်ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) အတွင်းရေးမှူး ဦးဇော်ဝင်း **(ယာပုံ)**က အမှာစကားပြောကြားပြီး ပြည်နယ် မြေစာရင်းဦးစီးဌာနမှူး ဦးခင်မောင်ဗိုလ်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ အခမ်းအနားသို့ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်စိုက်ပျိုးရေးညှိနှိုင်းမှု ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် မြေစာရင်းဦးစီးမှူးများနှင့်သင်တန်းသား ၂၉ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

သုံးခွမြို့နယ်၌ သွေးလှူရှင်များ ဂုဏ်ပြု

ရန်ကုန် ဖေဖော်ဝါရီ ၁၃

သုံးခွမြို့နယ် ကြက်ခြေနီအသင်းနှင့် မြို့နယ်အတွင်းမှ စေတနာရှင်များ ပါဝင်ဖွဲ့စည်းထားသော ဇီဝိတဒါနသွေးလှူရှင်များ အကျိုးဆောင်အဖွဲ့၏ (၃)နှစ်ပြည့်အထိမ်းအမှတ် သွေးလှူရှင်များဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီက သုံးခွမြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ သာလှရွှေ၊ သုံးခွမြို့နယ် ဥက္ကဋ္ဌ ဦးကျော်သောင်း၊ သွေးလှူရှင်များ အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာခင်စောတို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး သုံးခွမြို့နယ် ကြက်ခြေနီတပ်ရင်းမှ ဒုတိယတပ်ရင်းမှူး ဝင်းနိုင်က အဖွဲ့၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာသာလှရွှေက သုံးခွမြို့နယ် ဇီဝိတဒါနသွေးလှူရှင် အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာခင်စောသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းတံဆိပ်ပါ ကျောက်စီပန်းချီကား ဂုဏ်ပြုပေးအပ်ပြီး **(အောက်ပုံ)** အကြိမ် (၄၀)နှင့်အထက် သွေးလှူရှင် ၁၃ ဦး၊ ငါးကြိမ်နှင့်အထက် သွေးလှူရှင် ၃၆ ဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်နှင့် အမှတ်တရပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မီမီကျော်က တတိယတန်းတွင် ဒုတိယဆုရရှိသူ မပိုးသဒ္ဒါမင်းဦးအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

အင်းစိန်မြို့ တိရစ္ဆာန်ဆေးကုသိပ္ပံ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

အင်းစိန်မြို့ တိရစ္ဆာန်ဆေးကုသိပ္ပံတွင် ပညာသင်ကြားခဲ့သော ကျောင်းသားဟောင်းများက မြတ်ဆရာပူဇော်ပွဲနှင့် တိ/ကု သိပ္ပံဆင်းဆရာကြီးများအား ကန်တော့ပွဲကို မတ် ၂၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဘုရင့်နောင်လမ်း အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ကန်တော့ခံ ဆရာကြီးများနှင့် သက်ကြီး ဆရာကြီးများ (စစ်ကြိုခေတ်မှ 6 th Batch VI Course အထိ) ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ကျောင်းသားဟောင်းများက အလှူငွေများကို ဦးအောင်စိုး ဖုန်း-၅၄၅၁၃၅၊ ၀၉-၅၀၆၄၀၂၉၊ ဦးစံကြိုင် ဖုန်း-၇၃၀-၁၄၆၈၉၊ ဦးအောင်သန်းမြင့် ဖုန်း-၇၃၀-၁၄၃၁၈၊ ဦးထွဏ်းဆွေ ဖုန်း-၇၃၀-၃၂၆၂၅၊ ဦးရှောင်စိန် ဖုန်း-၇၀၇၀၄၃၊ ဦးထွန်းလှိုင် ဖုန်း-၀၉-၅၀၆၂၂၄၈၊ ဦးအောင်သန်းဝင်း ဖုန်း-၇၃၈၄၈၂၊ ဦးစိုးတင့် ဖုန်း-၀၅-၅၃၁၁၆၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

တိုက်ကြီးမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၃

တိုက်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ နယ်မြေအစည်းအဝေးနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၀ နာရီက တိုက်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ချစ်ချစ်သန်းနှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုများတက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ထွန်းနှင့် တိုက်ကြီးမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးအောင်မြင့် (အငြိမ်းစား)တို့က အမှာစကားပြောကြားပြီး အဖွဲ့ဝင် ၇၄၀နှင့် အရန်အဖွဲ့ဝင် ၁၁၉၁ဦးတို့အား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မြိတ်ခရိုင်အတွင်း ဝန်ထမ်းများအား တွေ့ဆုံ

မြိတ် ဖေဖော်ဝါရီ ၁၃

အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်နှင့်အဖွဲ့သည် ဇန်နဝါရီ ၂ ရက်မှ ၅ ရက်အထိ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးအပါအဝင် ပလောက်၊ ပုလော၊ မြိတ်၊ ကျွန်းစု၊ တနင်္သာရီ မြို့များနှင့် တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးများကို စစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။ **(ယာပုံ)**

လိုက်လံစစ်ဆေး

ထို့နောက် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ဝန်ထမ်းနေအိမ်များအား လိုက်လံစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မန္တလေးမြို့ပတ်လမ်း ကတ္တရာထပ်ပိုးလွှာခင်း

မန္တလေး ဖေဖော်ဝါရီ ၁၂

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် ဌာနမှူးများလိုက်ပါလျက် ဖေဖော်ဝါရီ ၉ ရက် ညနေ ၄ နာရီက ပုသိမ်ကြီးမြို့နယ် မန္တလေးမြို့ပတ်လမ်းကို ဒေါနဘွားကားကြီးဝင်း အဝင်လမ်းမှ ကျွဲရေကုန်းတံတားအထိ ထပ်ပိုးလွှာတင်ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ကျွဲရေကုန်း အမှိုက်ကျင်းအခြေအနေနှင့် အမှိုက်ကျင်းပြုလုပ်ရန်မြေနေရာ ရွေးချယ်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

မှာကြား

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် မန္တလေးမြို့ပတ်လမ်းကို ဒေါနဘွားကားကြီးဝင်း အဝင်လမ်းမှ ကျွဲရေကုန်းတံတားအထိ အရှည်ပေ ၆၁၀၀၊ အကျယ် ၂၄ ပေရှိ ထပ်ပိုးလွှာတင် ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။ ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ကျွဲရေကုန်း အမှိုက်ကျင်းအခြေအနေနှင့် အမှိုက်ကျင်းပြုလုပ်ရန်အတွက် မြေနေရာရွေးချယ်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (ဝ၄ဝ)

အင်းစိန်မြို့နယ် ရွာမအရှေ့ သပြေခြံ အောင်သပြေလမ်း အမှတ် (၇)နေ ဦးဝင်းချို-ဒေါ်နွဲ့နွဲ့အေး မိသားစုတို့က ဦးသန်းနွယ်(မြရေခဲစက်)-ဒေါ်ဖွားသိန်းတို့အား ရည်စူး၍ ဖေဖော်ဝါရီ ၅ ရက်က ငွေပဒေသာပင်အတွက် ငွေကျပ် ငါးသိန်းကို မုဒ္ဒံဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးပိုးရီထံ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

သံတောင်ကြီး၌ စာကြည့်တိုက်ပန္နက်တင်

သံတောင်ကြီး ဖေဖော်ဝါရီ ၁၂

သံတောင်ကြီးမြို့နယ် ရွာကြီးကျေးရွာအုပ်စု ပျားစခန်းကျေးရွာ စာကြည့်တိုက် အဆောက်အအုံသစ် ပန္နက်တင်ပွဲကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီက စာကြည့်တိုက်မြေနေရာ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောခူးရီ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး စောတီမသေ၊ စာကြည့်တိုက်ကော်မတီဝင်များဖြစ်ကြသောဦးကျော်သိန်း၊ ဦးအိုက်ရှမ်း၊ ဦးချစ်ခိုင်နှင့် ဦးခင်မောင်လွင်တို့က သတ်မှတ်နေရာများတွင် ပန္နက်တင်ပေးကြသည်။

တက်ရောက်

ထို့အပြင် စာကြည့်တိုက်ဆောက်လုပ်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီက ပျားစခန်းကျေးရွာ အလယ်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသန်းထွန်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစန်းဝင်း၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဆောက်လုပ်မည်

အဆိုပါ စာကြည့်တိုက်အဆောက်အအုံသစ်ကို နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာနေ စေတနာရှင်ပြည်သူများ စုပေါင်းလှူဒါန်းငွေတို့ဖြင့် အလျား ၂၄ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေရှိ အုတ်ညှပ်၊ သွပ်မိုးနှင့် သမံတလင်းခင်းဖြင့် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပင်လယ်ငါးဖမ်းလုပ်ငန်းများ သံဖြူဇရပ်မြို့နယ်၌ ကွင်းဆင်းစစ်ဆေး

သံဖြူဇရပ် ဖေဖော်ဝါရီ ၁၂

ပင်လယ်ငါး၊ ပုစွန်ထုတ်လုပ်မှု တိုးတက်ရေးနှင့် ငါး၊ ပုစွန်သယံဇာတ ထိန်းသိမ်းရေးအတွက် မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးညွန့်ဝေသည် ဖေဖော်ဝါရီ ၈ ရက် နံနက်က သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ငါးလုပ်ငန်းရှင်များအသင်းရုံး၌ ကမ်းဝေးကမ်းနီးငါးဖမ်းလုပ်ငန်းရှင်များအား ပင်လယ်ပြင်ငါးဖမ်းဆီးရာ၌ လိုက်နာရမည့်အချက်များ ငါး၊ ပုစွန်ရောင်းဝယ်၊ စုဆောင်းပြုပြင်ထုတ်လုပ်ရာ၌ လိုက်နာရမည့် အချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် သံဖြူဇရပ်မြို့နယ် ဦးစီးမှူး ဦးလှမင်းဇော်၊ ငါးလုပ်ငန်းရှင်အသင်းအတွင်းရေးမှူး ဦးမြင့်စိုးတို့က မြို့နယ်ငါးလုပ်ငန်း ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ တင်ပြသည်။ **(အပေါ်ပုံ)**

စစ်ဆေး

ဆက်လက်၍ ပြည်နယ်မှူးနှင့်အဖွဲ့သည် ကျိုက္ခမီမြို့ အောင်သုခဆိပ်ကမ်းရှိ ကမ်းဝေးကမ်းနီး ငါးဖမ်းလှေများ ဝင်ရောက်မှုများကိုလည်းကောင်း၊ စက်စဲကျေးရွာအုပ်စု ရသေ့တောင်ရွာရှိ ပုစွန်လုပ်ငန်းရှင်များ၏ ကျောက်ပုစွန်၊ ကင်းပုစွန်များ စုဆောင်းသိုလှောင်မှုနှင့် အရွယ်အစား၊ ကုန်တက် အခြေအနေတို့ကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး တမူးမြို့နယ်၌ သင်တန်းဖွင့်

တမူး ဖေဖော်ဝါရီ ၁၂

၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက တမူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ တမူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီထွေးက အမှာစကား ပြောကြားပြီး တမူးမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးအောင်အေးချမ်းလွင်က တမူးမြို့နယ်၏ လယ်ယာသန်းခေါင်စာရင်းကောက်ယူမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ **(ဝဲပုံ)**

သိရှိရ

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တမူးခရိုင်နှင့် မြို့နယ်ဥက္ကဋ္ဌများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်မြေစာရင်း)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သရက်ကုန်း-ညောင်ဒေါက် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၆ ရက်က အမှုဆောင်အရာရှိ ဦးစောရွှေနှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးမြင့်နိုင်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



ဘီးလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျောက်ရေတွင်း ဆင်စုသစ်သားတံတားပြုလုပ်ခြင်းလုပ်ငန်းအတွက် ပစ္စည်းစုဆောင်းထားရှိမှုကို ဒီဇင်ဘာ ၂၅ ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနီ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဒေါ်ခိုင်လွင်လွင်အောင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ သီရိကျက်သရေလမ်း ကတ္တရာခင်းရန် ကျောက်စုဆောင်းထားရှိမှုကို ဇန်နဝါရီ ၃၁ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်နိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မူဆယ်မြို့ ဟိုနား(၁)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ (အင်/ယာမှူး) ဦးကျုံးလျန်ဖွိုင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားမဲတောင်ရေလှောင်ကန်များမှ ရေစုဆောင်းခြင်း၊ ရေပေးဝေခြင်းတို့ကို ဇန်နဝါရီ ၁၂ ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမင်းမောင် ကွင်းဆင်းစစ်ဆေးရာ ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနီထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

မြန်မာနိုင်ငံကို ပိတ်ဆို့ထားမှုများသည် မြန်မာပြည်သူလူထုအပေါ် အမှန်တကယ် ထိခိုက်သက်ရောက်စေခဲ့ကြောင်း သက်သေ ရှာမည်ဆိုလျှင် ခပ်ဝေးဝေး၌ ထပ်မံ၍ ရှာစရာမလိုပါ။ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့ထားသည့် အနောက်နိုင်ငံများမှ နိုင်ငံခြားရေးဌာန တာဝန်ရှိသူများကိုယ်တိုင် ဝန်ခံထားပြီး ဖြစ်ပါ၏။

ရန်ကြီးအောင်၏ဆောင်းပါး စာ - ၈၊ ၉

ထူးခြားသည့် ညအပူချိန်များ

၁၃-၂-၂၀၁၁

ဟားခါးမြို့	၀	ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၄	ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၄	ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၅	ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၅	ဒီဂရီစင်တီဂရိတ်

ကမ္ဘာဂြိုဟ်အရွယ် ဂြိုဟ်ကြီးခြောက်လုံးတွေ့ရှိ လူသားများနေထိုင်နိုင်မည်ဟု နာဆာခန့်မှန်းပြောကြား

မြင့်မောင်စိုး - ရေးသားသည်

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၃

အမေရိကန်အာကာသအေဂျင်စီ(နာဆာ)မှ လွှတ်တင်ထားသော ကပ္ပလာ-၁၁(Kepler-11) ဂြိုဟ်တုမှစ်ရှင်က နေနှင့်တူသည့် ကြယ်ကြီးတစ်လုံးကို လှည့်ပတ်နေသော ဂြိုဟ်ကြီးခြောက်လုံးအား လေ့လာတွေ့ရှိခဲ့ကြောင်း နာဆာက ဖေဖော်ဝါရီ ၁၂ရက်နေ့တွင် ကြေညာသည်။

အဆိုပါဂြိုဟ်ကြီးခြောက်လုံးတွင် လူသားများနေထိုင်နိုင်သည့် အနေအထားရှိပြီး လူသားတို့ နေထိုင်နိုင်သော ဂြိုဟ်များဇုန် (Habitable Zone) အဖြစ် လေ့လာတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း နာဆာဂြိုဟ်တု လွှတ်တင်ရေးဌာန(ဂျေပီအယ်လ်)က ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၅ ❖



နေနှင့်တူသောကြယ်ကို ဂြိုဟ်ကြီးခြောက်လုံးက လှည့်ပတ်နေကြောင်း နာဆာအာကာသယာဉ် ကပ္ပလာ-၁၁ မှ ဤသို့ တွေ့ရသည်။